# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ – ၇၈)


၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက် | ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၅ ရက်၊ တနင်္လာနေ့ | အတွဲ (၆၁)၊ အမှတ် (၃၃၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရ၊ အရှေ့ဖျားစီးပွားရေးဖိုရမ်(EEF)၏ ဖိတ်ကြားချက်အရ (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum-2022) သို့ တက်ရောက်ရန်အတွက် ယနေ့ နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) မှ အထူးလေယာဉ်ဖြင့် နေပြည်တော် တပ်မတော်လေဆိပ်မှ ထွက်ခွာသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များ၊ ကောင်စီအတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

## ယနေ့ *ဖတ်စရာ*


ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တောင်ကြီး - ဘန်းယဉ် ရထားပြေးဆွဲမှု ပြန်လည်စတင်နိုင်ခြင်း သို့မဟုတ် ငြိမ်းချမ်းခြင်းရဲ့ အသီးအပွင့်ရလဒ်ကောင်းတစ်ခု — ဆောင်းပါး | စာ - ၈

လစူးစမ်းလေ့လာရေးဒုံးပျံလွှတ်တင်မှု တစ်ပတ်အတွင်း နှစ်ကြိမ်မြောက် နာဆာရွှေ့ဆိုင်း — နိုင်ငံတကာသတင်း | စာ - ၁၃



မြန်မာ့ အဆို အက အရေး အတီး ပညာ သို့မဟုတ် မြန်မာ့အနုသုခုမပညာ — ဆောင်းပါး | စာ - ၁၆

## အစားအစာဘေးကင်းလုံခြုံရေး အလေ့အကျင့်ကောင်းများ ကျင့်သုံးစိုက်ပျိုး

နိုင်ငံတော်က လာမည့်စိုက်ပျိုးရာသီတွင် နှမ်းပါးကော ၈ ဒသမ ၅ သိန်းနှင့် ပဲတီစိမ်းကော ၅ သိန်းကို အကျိုးတူလယ်ယာစနစ်ဖြင့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံစီးပွား မြှင့်တင်ရေး ရန်ပုံငွေကျပ် ဘီလီယံ ၄၀၀ အနက်မှ ကျပ်ဘီလီယံ ၂၃၀ မတည်ထူထောင်ပေးထားရာ ဆောင်းသီးနှံ ပဲတီစိမ်းကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ ကန်ထရိုက်၊ ကုမ္ပဏီများ၊ တောင်သူလယ်သမားများ စတင်ကြိုးပမ်းနေကြပြီဖြစ်ကြောင်း သတင်းများတွင် တွေ့ရသည်။

ပဲတီစိမ်းကို စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးများနှင့် မွန်၊ ကရင်ပြည်နယ်တို့တွင် အများအပြား စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံမှ ထွက်သည့် ပဲတီစိမ်းကို နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တရုတ်နိုင်ငံမှ ကုန်သည်များကဝယ်ယူပြီး ပြန်လည်သန့်စင်၍ ၎င်းတို့၏ ကုမ္ပဏီ တံဆိပ်များဖြင့် ပြည်မထဲတွင် ပြန်လည်ရောင်းချကြကြောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပဲတီစိမ်းကို မုန့်၊ ပဲကြာဆံ၊ ပဲနို့ အပါအဝင် စားသောက်ကုန်များထုတ်လုပ်ပြီး အခြားနိုင်ငံများသို့ ထပ်ဆင့် ရောင်းချကြကြောင်း သိရသည်။ မြန်မာနိုင်ငံမှ ပဲတီစိမ်းများကို ပြည်ပဈေးကွက်သို့ တင်ပို့ရာတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းပါဝင်မှု များပြားခြင်း၊ ဝမ်းပျက်ဝမ်းလျှောနှင့် အစာအဆိပ်သင့်ရောဂါဖြစ်ပွားစေသည့် ရောဂါပိုးမွှားပါဝင်ခြင်း စသည့် အကြောင်းများကြောင့် ဝယ်ယူသည့် နိုင်ငံကလက်မခံဘဲ ပြန်ပို့ခဲ့သည့် ဖြစ်စဉ်များ ယခင်က ဖြစ်ပွားခဲ့ဖူးရာ ၎င်းဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပေါ်စေရေးအတွက် စိုက်ကွင်းများတွင် စိုက်ပျိုးချိန်မှသည် ထုပ်ပိုးတင်ပို့ချိန်အထိ အစားအစာဘေးကင်းလုံခြုံမှုဆိုင်ရာ အလေ့အကျင့်ကောင်းများကို ပါဝင်ဆောင်ရွက်သူအားလုံးက ကျင့်သုံးနိုင်ရေး ပညာပေးရမည်ဖြစ်သကဲ့သို့ ရေရှည်တွင် တန်ဖိုးမြှင့် ထုတ်ကုန်များကို ပြည်တွင်း၌ပင် အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက်လည်း ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သည်။

ပဲတီစိမ်းစိုက်ပျိုးမည့် မြေ၊ ရေတို့ သန့်စင်ရေးအတွက် ဓာတုနှင့် ဇီဝဆိုင်ရာ အန္တရာယ်ဖြစ်ပေါ်စေနိုင်သည့်အခြေအနေတို့ကို ရှောင်ရှား၊ ဖယ်ရှားနိုင်ရန် လိုအပ်သည်။ ဥပမာအားဖြင့် တိရစ္ဆာန်မွေးမြူရေး၊ စက်မှုလုပ်ငန်းစသည်တို့ ပြုလုပ်ခဲ့သည့်နေရာဟောင်းများ၊ အမှိုက်ပုံနေရာဟောင်းများ၊ ဆေးရုံဆေးခန်း နေရာဟောင်းများ စသည်ဖြင့် ဓာတုနှင့်ဇီဝဆိုင်ရာ အန္တရာယ်ရှိနိုင်သည့် နေရာမျိုးမဖြစ်ရန်လိုသည်။ ယင်းသို့သော နေရာများကို ဖြတ်သန်းစီးဆင်းလာသည့် ရေများ၊ မိလ္လာရေနှင့် ရေဆိုးများ၊ စက်ရုံစွန့်ပစ်ရေများကို စိုက်ပျိုးရေအဖြစ်မသုံးရန် ရှောင်ရှားကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးသုံးဓာတုဆေးများကို အနည်းဆုံးသုံးစွဲရန်၊ အသိအမှတ်ပြု တရားဝင်ဓာတုဆေးကိုသာ စနစ်တကျ သုံးစွဲရန်နှင့် ဆေးဖျန်းပြီးနောက် စောင့်ဆိုင်းရမည့် ကာလအတိုင်း တိတိကျကျ စောင့်ဆိုင်းပြီးမှ ရိတ်သိမ်းရန် စသည်တို့ကိုလည်း လိုက်နာကြရမည်ဖြစ်သည်။

နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အဘက်ဘက်မှ ပံ့ပိုးကူညီမှုများနှင့်အတူ စိုက်ပျိုးရေးကဏ္ဍတွင် တွန်းအားပေးဆောင်ရွက်လျက်ရှိရာ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ကန်ထရိုက်များနှင့် တောင်သူများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြခြင်းအားဖြင့် အချိန်တိုအတွင်း အကျိုးရလဒ်ကောင်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

( ဂ ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် “လှပသာယာ ပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

**နေပြည်တော် စက်တင်ဘာ ၄**

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား **“လှပသာယာ ပြည်မြန်မာ”**ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှု၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသောဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD) ကို တစ်ပါတည်း ပူးတွဲပေးပို့ရမည်ဖြစ်သည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင် ဓာတ်ပုံများကို ၃၁-၁၀-၂၀၂၂ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

သတင်းစဉ်

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေးဘာသာမရွေး ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၃ ရက်နှင့် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၆၆၇၃ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ဒေသခံပြည်သူ ၁၇၆၃ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၁၇၁၁၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ စက်တင်ဘာ ၃ ရက်နှင့် ယနေ့တွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူ ၁၀၀၅ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ကျောင်းသား ကျောင်းသူ ၆၃၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

❑ *ကျောဖုံးမှ*

ဥက္ကဋ္ဌများ၏ စီမံညွှန်ကြားမှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ပလတ်စတစ် မသုံးစွဲရေး အသိပညာပေးကြေညာခြင်း၊ ဆိုင်းဘုတ်များစိုက်ထူခြင်းနှင့် အသိပေးကြေညာစာများ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး၊ ကမ္ဘာမြေကျန်းမာဖို့ ပလတ်စတစ်ကိုရှောင်ကြဉ်စို့” ဆောင်ပုဒ်နှင့်အညီ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအနေဖြင့် မိမိတို့ရောင်းချသော ပစ္စည်းများကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ပလတ်စတစ် မသုံးစွဲရနေ့အဖြစ် သတ်မှတ်၍ ယင်းနေ့တွင် ပလတ်စတစ်အိတ်အစား ကြာဖက်၊ အင်ဖက်၊ ငှက်ပျောရွက်၊ စက္ကူ ချိုင့်၊ ဆွဲခြင်းများ စသည့် ပစ္စည်းများဖြင့် အစားထိုးသုံးစွဲစေရန် အသိပညာပေးခဲ့ကြောင်း သိရသည်။

မြောင်းမြခရိုင်(ပြန်/ဆက်)

❒ *ရှေ့ဖုံးမှ*

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များ၊ ကောင်စီအတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ သံရုံးဒုတိယအကြီးအကဲ Mr. Pavel A.KLABUKOV၊ စစ်သံမှူး Colonel Sergei KURCHENKO နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ခရီးစဉ်တွင် လိုက်ပါသွား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင် ဦးမောင်းဟာ၊ ဦးစောဒန်နီယယ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ခရီးစဉ်အတွင်း (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့ လေ့လာသွားကြမည်ဖြစ်ကြောင်းနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည်လည်း သက်ဆိုင်ရာကဏ္ဍများအလိုက် အလုပ်သဘောဆိုင်ရာ တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်သည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ညနေပိုင်းတွင် ရောက်ရှိကြရာ ဗလာဒီဗော့စတော့ခ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Stegniy Daria နှင့် တာဝန်ရှိသူများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် မိုးကျော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။**

# ပဲခူးတိုင်းဒေသကြီး (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

ပဲခူး စက်တင်ဘာ ၄

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်ကျင်းပခဲ့သည့် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြိုင်ပွဲအမျိုးအစား ၃၄ မျိုးဖြင့် ပြိုင်ပွဲဝင် စုစုပေါင်း ၁၃၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ကဏ္ဍအလိုက် ဆုပေါင်း ၁၁၈ ဆုကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။**




ဆုပေးပွဲ အခမ်းအနားတွင် ပဲခူးမြို့ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် မြို့နယ်အသီးသီးမှ ပြိုင်ပွဲဝင် စုစုပေါင်း ၁၃၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ထူးချွန်ပြီးအမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းမည့် မျိုးဆက်သစ် အနုပညာရှင်များ ပေါ်ထွန်းလာသည်ကို မြင်တွေ့ရ၍ ဂုဏ်ယူပါကြောင်း၊ ပြိုင်ပွဲတွင် ရွေးချယ်ခံရသူများအနေဖြင့် ပဲခူးတိုင်းဒေသကြီး၏ ဂုဏ်ကို ဖော်ဆောင်ပေးနိုင်ရေး အတွက် စွမ်းရည်၊ ပါရမီများ သာလွန်ကောင်းမွန်အောင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အကောင်းဆုံးလေ့ကျင့်ကြိုးစား ပေးကြစေလိုကြောင်းနှင့် မိမိတို့အစိုးရအဖွဲ့မှလည်း လိုအပ်သည်များ ထပ်မံပံ့ပိုးကူညီပေးသွားမည် ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပြောကြားသည်။

မြို့တော်ခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည့် (၂၃) ကြိမ်မြောက် ပဲခူးတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်နှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများက ပထမ၊ အထူးဆုရရှိသူများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းများကိုလည်းကောင်း၊ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများက ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုရရှိသူများကို ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းများကို လည်းကောင်း ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာသည့် ဧည့်သည်တော်များအား ပြိုင်ပွဲဝင် ဆုရသူရှိသူများကအဆို၊ အကများဖြင့် လည်းကောင်း၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံသဘင်အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်မြအောင် (ဆိုင်းဝိုင်းကြီး) က ဂုဏ်ပြုတီးခတ် ဖျော်ဖြေတင်ဆက်သည်။ **သတင်းစဉ်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၅၂၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၅ ရက်မှ စက်တင်ဘာ ၁၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၅၂၂၀ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး





**နေပြည်တော် စက်တင်ဘာ ၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းနှင့်အတူ စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် တောင်ကြီးခရိုင် အေးသာယာမြို့ရှိ စွယ်တော်ကျောင်းတိုက်သို့ ရောက်ရှိခဲ့ပြီး စွယ်တော်ဆရာတော်အား ဖူးမြော်၍ ဝါဆိုသံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီများနှင့် အဆိုပါ ကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် သင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်၊ ကျောင်းဝတ်စုံများအား လှူဒါန်းထောက်ပံ့ခဲ့ပြီး ကျောင်းတိုက်အတွင်း လှည့်လည်ကြည့်ရှုကာ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သော ကိစ္စရပ်များအား စီမံဆောင်ရွက်ပေးသည်။

### တွေ့ဆုံဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့သို့ ရောက်ရှိပြီး မဲနယ်တောင်တန်းဒေသရှိ ကျေးရွာများ၏ လမ်းပန်းဆက်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းအပါအဝင် အစားထိုးဖွံ့ဖြိုးရေးဆိုင်ရာ ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တွေ့ဆုံဆွေးနွေးသည်။ ထို့နောက် မဲနယ်တောင်တန်းဒေသသို့ အသေးစိတ်ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသည့် လမ်း/တံတားလုပ်ငန်းများအား ဦးစားပေးအလိုက် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည့် အစီအမံများကို ညှိနှိုင်းသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက္ကချားကျေးရွာမှ ရှုခင်းသာနှင့် နှစ်ပေါင်း ၁၁၀ သက်တမ်းရှိ ရှေးဟောင်း နမ်းဟုတ်ဘုန်းတော်ကြီးကျောင်းတို့အား ကြည့်ရှုလေ့လာပြီး ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ဝတ္ထုများ ဆပ်ကပ်လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်အတူ စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ဆီဆိုင်မြို့နယ် ကျောင်းချယ်လမ်းခွဲမှ လပ်တိုင်-ပင်အွန်လမ်း ငါးမိုင်အနက် ၁ မိုင် ၂ ဖာလုံ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဆိုက်ခေါင်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းခန်းမအတွင်း သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှုနှင့် ချုပ်လုပ်ထားရှိသည့် အသုံးအဆောင်ပစ္စည်းများ၊ ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်၊ စားရိပ်သာနှင့် တည်ဆောက်ရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆိုက်ခေါင်မြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိခဲ့ပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အိမ်တွင်းမှု သင်တန်းကျောင်းများမှ ကျောင်းအုပ်များက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ကျောင်းအုပ်များ၊ ဝန်ထမ်းများ၊ သင်တန်းနည်းပြများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ အမှာစကားပြောကြား၍ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် အားကစားဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်၊ စာကြည့်တိုက်နှင့် နှစ်ရှည်သီးနှံပင်နှင့် ရာသီသီးနှံပင်များ စိုက်ပျိုးထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး စားရိပ်သာ၌ နေ့လယ်စာကို ကျောင်းသား ကျောင်းသူများနှင့် အတူတကွ သုံးဆောင်သည်။

နေ့လယ်ပိုင်းတွင် ဆီဆိုင်မြို့နယ် လွယ်ပွတ်-လိုက်ပေး-ဘန်းနောင်ကား ငါးမိုင်အနက် နှစ်မိုင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ရာ ရှင်းလင်းဆောင်၌ တာဝန်ခံအင်ဂျင်နီယာနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလိုအပ်ချက်များ တင်ပြမှုအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားသည်။

### ဦးစားပေးဆောင်ရွက်

ဆက်လက်၍ မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာသို့ ရောက်ရှိခဲ့ပြီး ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)မှ တာဝန်ရှိသူများက မောက်မယ်အနောက်ခြမ်း နယ်မြေအတွင်း ဒေသဖွံ့ဖြိုးရေးလမ်းများ ဆောင်ရွက်ပေးနိုင်ရေး ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ဒေသအတွက် အဓိကအကျိုးဖြစ်ထွန်းမည့် လမ်းပိုင်းများကို မြေပြင်ကွင်းဆင်းစိစစ်မှုများပြုလုပ်၍ ဦးစားပေးဆောင်ရွက်ပေးသင့်သည်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းပေါင်းစပ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို ခိုင်မာအောင် တည်ဆောက်သွားနိုင်ရေး ရှင်းလင်းဆွေးနွေးသည်။ ညနေပိုင်းတွင် မောက်မယ်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိ၍ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ထောက်ပံ့ငွေများ ပေးအပ်ကာ ရုံးဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

### ရေတင်ဘီးစနစ်များအသုံးပြု

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လင်းခေးမြို့ ဝမ်ဟတ်ကျေးရွာအုပ်စု နမ့်တွန်ကျေးရွာတွင် ဆောက်လုပ်လျက်ရှိသော (၆၀ x ၃၀ ပေ) RC တစ်ထပ် ဘုန်းတော်ကြီးကျောင်းဆောင်သစ် တည်ဆောက်နေမှုကို လည်းကောင်း၊ ပုန်းထွန်ကျေးရွာနှင့် ဟိုတင့်ရွာသစ်ကျေးရွာများတွင် ဆိုလာစွမ်းအင်နှင့် ဒေသခံများ၏ ရေအားသုံး ရေတင်ဘီးစနစ်များအသုံးပြု၍ စိုက်ပျိုးရေတင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်နေရာများကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။**(အပေါ်ပုံ)**

ထို့နောက် လင်းခေးမြို့နှင့် ဟိုတင့်ရွာသစ်ကျေးရွာတို့ကို ဆက်သွယ်မည့် နမ့်တိန်းချောင်းကူး ပေ ၂၅၀ ဘေလီတံတား တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လင်းခေးခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိပြီး ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက လင်းခေးခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ လိုအပ်သည်များ မှာကြား၍ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး ရုံးဝင်းအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရောဝတီတိုင်းဒေသကြီးအတွင်း ငါးများမွေးမြူထားပြီး ပြည်တွင်းပြည်ပ ဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိ

**ပုသိမ် စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီးသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဆန်စပါးအများဆုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိသော တိုင်းဒေသကြီးဖြစ်သည့်အပြင် မွေးမြူရေးကဏ္ဍတွင်လည်း ပြည်တွင်းစားသုံးမှု ဖူလုံစေရန်သာမက ပိုလျှံသည့် ရေထွက်ပစ္စည်းများကို နှစ်စဉ်ပြည်ပသို့ တင်ပို့၍ ပြည်ပမှဝင်ငွေ ရှာဖွေပေးနေသောစီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်လျက်ရှိသည်။

ပုသိမ်ခရိုင်၊ မအူပင်ခရိုင်၊ လပွတ္တာနှင့် ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များ၌ ကျားပုစွန်၊ ရေခန်ပုစွန်၊ ရေချိုပုစွန်၊ ရေချိုပုစွန်တုပ်ကြီး၊ ပုစွန်မီးနီတို့အား အဓိကမွေးမြူ၍ လပွတ္တာမြို့နယ်တွင် ဂဏန်းများ မွေးမြူလျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ၊ လုပ်ငန်းရှင် စုစုပေါင်း ၃၀၀ တို့မှ ကန်အရေအတွက် ၁၂၃၅ ကန်၊ ဧရိယာ ၁၆၈၀၀ ဒသမ ၇၅ ဧကတွင် ပုစွန်ကောင်ရေ ၁၃၆၅၈၉၇၉၈ နှင့် ကုမ္ပဏီလုပ်ငန်းရှင် ၁၈ ဦးတို့မှ ကန်အရေအတွက် ၆၇ ကန်၊ ဧရိယာ ၅၀၈ ဒသမ ၇၁ ဧကတွင် ဂဏန်းကောင်ရေ ၁၁၈၂၀၀ မွေးမြူထားရှိကြောင်း သိရှိရသည်။

၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်း ဧရာဝတီတိုင်းဒေသကြီးမှ ပြည်တွင်းဈေးကွက်ဖြစ်သော ရန်ကုန်မြို့သို့ ငါးမြစ်ချင်း ၂၅၅၉၆၈ ပိဿာ၊ ပြည်ပသို့တင်ပို့မှု ၁၃၄၇၂ ပိဿာ၊ ရန်ကုန်မြို့သို့ ငါးတန် ၁၂၇၉၈၄ ပိဿာ နှင့် ပြည်ပသို့ ၆၇၃၆ ပိဿာ၊ ရန်ကုန်မြို့သို့ ဂဏန်း ၆၆၂၆၂ ပိဿာ နှင့် ပြည်ပသို့ ၃၄၈၇ ပိဿာ၊ ရန်ကုန်မြို့သို့ ရေချိုပုစွန် ၆၀၂၃၅ ပိဿာ၊ ပြည်ပသို့ ပိဿာ ၃၁၇၀၊ ရန်ကုန်မြို့သို့ ရေခန်ပုစွန် ၁၃၀၁၁၈ ပိဿာနှင့် ပြည်ပသို့ ၁၅၈၅ ပိဿာတို့ကို တင်ပို့ခဲ့ကြောင်း တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**မြင့်ဟန် (ပြန်/ဆက်)**



နတ်တလင်းမြို့နယ်၌ (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံရှေ့တွင် မြို့နယ်ရဲတပ်ဖွဲ့မှ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ရာ ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး မောင်မောင်အောင်၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝင်းဇော်တို့၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့အင်အား ၅၄ ဦးဖြင့် စုပေါင်း ဆောင်ရွက်စဉ်။

ဝေယံဖြိုး(ပြန်/ဆက်)

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် မြို့သစ်မြို့နယ် ဝါစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများနှင့် တွေ့ဆုံ

**မြို့သစ် စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် အဖွဲ့သည် မြို့သစ်မြို့နယ် ဝါစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများနှင့် တွေ့ဆုံပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီခန့်က မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာ အုပ်စုကွင်းအမှတ် (၁၃၂၉) ဦးပိုင်အမှတ် (၃၇) တောင်သူ ဦးမြင့်စိုး၏ မိုးနှောင်းချည်မျှင်ရှည်ဝါမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့သစ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက စိုက်ပျိုးရေးဆိုင်ရာ အချက်အလက်များနှင့် မိုးသီးနှံစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများအား မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကို အခြေခံ၍ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံ၏ လူဦးရေအများစုမှာ ကျေးလက်နေပြည်သူများဖြစ်ပြီး စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ဆောင်ရွက်ကြရာ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သလို ကျေးလက်နေပြည်သူများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ အောင်မြင်ဖြစ်ထွန်းရန် အဓိကလိုအပ်ကြောင်း၊ စိုက်ပျိုးရေးအောင်မြင်ဖြစ်ထွန်းရန်အတွက် စိုက်ကွက်မြေပြုပြင်ခြင်းများ ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒေသခံတောင်သူများက မိမိတို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ရာ တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နေကြာစိုက်ပျိုးမည့် တောင်သူများအား ဆင်းရွှေကြာ (၂) နေကြာမျိုးများ ထောက်ပံ့ပေးကြောင်း သိရသည်။

**သန်းဝင်းထွန်း(ပြန်/ဆက်)**




# ၂၀၂၁-၂၀၂၂ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် စက်တင်ဘာ ၄**

၂၀၂၁-၂၀၂၂ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများ၊ ကျောင်းသား မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




**အလှူငွေများ လှူဒါန်း**

ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကား ပြောကြားပြီး ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။ ထို့နောက် ၂၀၂၁-၂၀၂၂ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ကျောင်းပဒေသာပင်အတွက် အလှူငွေများ လှူဒါန်းရာ ကျောင်းအုပ်ကြီးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**ပေါင်းတည် စက်တင်ဘာ ၄**

ပေါင်းတည်မြို့နယ်၌ (၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယမန်နေ့က အ.ထ.က ပေါင်းတည် ကျောင်းဝင်းအတွင်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပစေရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မြင့်ဇော်နိုင်၊ ပေါင်းတည်မြို့မရဲစခန်းမှူး ဒုရဲမှူး အောင်ဇော်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် အဖွဲ့ဝင်များ စုပေါင်း၍ ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အေးအေးဆင့်(ပြန်/ဆက်)**




# မင်းဘူး(စကု)မြို့နယ်၌ ဆီထွက်သီးနှံဧက ၆၇၀၀၀ ကျော် စိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်း


**မင်းဘူး စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ဆီထွက်သီးနှံများဖြစ်သော နှမ်း၊ နေကြာ၊ မြေပဲသီးနှံများကို ၆၇၂၅၁ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မင်းဘူးမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်လင်း၏ ပြောပြချက်အရ သိရသည်။

အဆိုပါ ဆီထွက်သီးနှံများမှာ မြေပဲ ၈၁၅၃ ဧက၊ နေကြာ ၁၆၉၃ ဧက၊ နှမ်း ၅၇၄၀၅ ဧကဖြစ်၍ စုစုပေါင်း ၆၇၂၅၁ ဧက စိုက်ပျိုးပြီးဖြစ်သော်လည်း လျာထားချက် ပြည့်မီစွာစိုက်ပျိုးနိုင်ရေးနှင့် ဆက်လက်တိုးချဲ့ပြီး စိုက်ပျိုးသွားရေးတို့ကို အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းကာ ဒေသခံတောင်သူများအား အသိပညာပေး ဟောပြောခြင်း၊ စိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် သင်တန်းပို့ချပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ စိုက်ပျိုးထားသော သီးနှံပင်များသည် မိုးဦးကာလတွင် မိုးခေါင်နေသဖြင့် မြေအောက်ရေ မရရှိသည့် အရပ်ဒေသများတွင် အပင်များ သေကြေပျက်စီးမှုများ ရှိကြသည်။ မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ကျေးရွာများမှာ မြေအောက်ရေ လှိုင်လှိုင်ထွက်သော အရပ်ဒေသများဖြစ်ကြ၍ လျာထားချက် ပြည့်မီရန် ၈၅ ရာခိုင်နှုန်းခန့် စိုက်ပျိုးနိုင်ခဲ့ပြီး ဒေသခံတောင်သူများမှာ အဆင်ပြေကာ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**




**၂၀၂၂ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်**

- လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

# သမဝါယမအကျိုးတူလယ်ယာစနစ်ဖြင့် ဝါးခယ်မမြို့နယ်အတွင်း ပဲတီစိမ်း စိုက်ဧက ၂၃၀၀၀ စိုက်ပျိုးသွားမည်

**နေပြည်တော် စက်တင်ဘာ ၄**

ဝါးခယ်မမြို့နယ်အတွင်း၌နယ်မြေဒေသ ခြောက်ခုခွဲ၍ ပဲတီစိမ်းစိုက်တောင်သူ ၇၆၆၆ ဦးက စိုက်ဧက ၂၃၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**တွေ့ဆုံဆွေးနွေး**

အဆိုပါဆောင်းသီးနှံပဲတီစိမ်းစိုက်ပျိုးရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယမန်နေ့က ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့ ရွှေခယ်သီရိ အားကစားခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ပဲတီစိမ်းစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။




တွေ့ဆုံစဉ် နိုင်ငံတော်က ဆောင်းသီးနှံ ပဲတီစိမ်းစိုက်ပျိုးရေးနှင့် နွေစပါးစိုက်ပျိုးရေးလုပ်ငန်း လျာထားဆောင်ရွက်နေမှု၊ သီးနှံအလိုက် ရန်ပုံငွေများ ခွင့်ပြုပေးမှု၊ သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် ပဲတီစိမ်းစိုက် တောင်သူများအကြား ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း ဒုတိယဝန်ကြီး ဦးမြင့်စိုးက ရှင်းလင်းပြောကြားသည်။

ယင်းနောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက သမဝါယမလုပ်ငန်းစဉ်များဖြင့် ဖွဲ့စည်းဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးက ဒေသဖွံ့ဖြိုးရေးအတွက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သင်ကြားပေးသော သင်တန်းအမျိုးမျိုးနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားပြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက ဝါးခယ်မမြို့နယ်အတွင်း သမဝါယမစနစ်ဖြင့် ပဲတီစိမ်းစိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် ပဲတီစိမ်း စိုက်ပျိုးမည့်တောင်သူများက စိုက်ပျိုးရာတွင် တွေ့ကြုံရမည့် အခက်အခဲများနှင့် လိုအပ်ချက်များကို တင်ပြကြရာ တာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

**ပေါင်းစပ်ညှိနှိုင်း**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မအူပင်ခရိုင် ပန်းတနော်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ကျေးရွာ ၂၂ ရွာ၊ အိမ်ခြေ ၂၄၅၃ အိမ်၊ လူဦးရေ ၁၂၈၁၄ ဦးအား အကျိုးပြုသည့် အရှည် (၆/၄) မိုင်ရှိ အင်းမ-အင်းတကော - ခရေကန်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၄**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဘူးသီးတောင်မြို့တွင် ၄ ဒသမ ၉၅ လက်မ၊ ခန္တီးမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ ရသေ့တောင်မြို့တွင် ၂ ဒသမ ၄၄ လက်မ၊ မင်းပြားမြို့တွင် ၂ ဒသမ ၀၄ လက်မ၊ လှိုင်းဘွဲ့မြို့တွင် ၁ ဒသမ ၅၇ လက်မ၊ ဘားအံမြို့တွင် ၁ ဒသမ ၅၃ လက်မ၊ လောင်းလုံးမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ ဘီးလင်းမြို့နှင့် ပေါင်မြို့တို့တွင် ၁ ဒသမ ၁၈ လက်မစီ၊ ကျိုက်ဒိုးမြို့တွင် ၁ ဒသမ ၁၆ လက်မ၊ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၁၄ လက်မနှင့် ကွမ်းလုံမြို့တွင် ၁ ဒသမ ၁၀ လက်မ တို့ဖြစ်ကြသည်။

**မိုး/ဇလ**

# မြို့နေပြည်သူများ စားသုံးမှုအဆင်ပြေစေရေး ရွေ့လျားဈေးကားစနစ်ဖြင့် ဈေးရောင်းချပေး

**ရန်ကုန် စက်တင်ဘာ ၄**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ပြည်သူများ လွယ်လင့်တကူ ဈေးဝယ်နိုင်ရေးအတွက် ယနေ့တွင် မင်္ဂလာတောင်ညွန့်မြို့နယ် မအူကုန်းစည်ပင် ဝန်ထမ်းအိမ်ရာ၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အင်းဝအိမ်ရာ၊ လသာမြို့နယ် လမ်း ၂၀ နှင့် လသာလမ်းကြား မဟာဗန္ဓုလလမ်း ဘုံကျောင်းရှေ့၊ ဗိုလ်တထောင်မြို့နယ်လမ်း ၅၀ အိမ်ရာနှင့် အမှတ်(၆၅၆)ပင်မလျှပ်စစ် အင်ဂျင်နီယာ တပ်ဝင်းတို့တွင်လည်း ရွေ့လျားဈေးကား (Mobile-Market) စနစ်ဖြင့် ဈေးရောင်းချပေးကြောင်း သိရသည်။



ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ငွေး၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက သာကေတမြို့နယ် ၆/အနောက်ရပ်ကွက် ဇမ္ဗူသီရိလမ်းသို့ သွားရောက်၍ ရပ်ကွက်နေပြည်သူများကို ရွေ့လျားဈေးကား (Mobile Market) စနစ်ဖြင့် ကုန်စိမ်း၊ ကုန်ခြောက်မျိုးစုံ၊ အသားမျိုးစုံနှင့် ငါး၊ ပုစွန်အမျိုးမျိုးတို့ကို ဝယ်ယူနိုင်ရန် ရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဈေးရောင်း/ဈေးဝယ်သူများကို နှာခေါင်းစည်း (Mask)များ ဝေငှပေးသည်။ ထို့အပြင် ကုန်ဈေးနှုန်းများ မြင့်တက်မှုကြောင့် စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၁၀၀ နှုန်းဖြင့် အိမ်ထောင်စု တစ်စုလျှင် ၅၀ ကျပ်သားစီကိုလည်းကောင်း၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၁၇၅ နှုန်းဖြင့် အိမ်ထောင်စုတစ်စုလျှင် ၁၀ လုံးစီကိုလည်းကောင်း စနစ်တကျ တန်းစီရောင်းချပေးနေမှုကို ကြည့်ရှုပြီး အမှန်တကယ် လိုအပ်သည့် ရပ်ကွက်များကို အလှည့်ကျဝင်ရောက် ရောင်းချပေးနိုင်ရေး၊ ဝင်ငွေနည်းမိသားစုများကို ရေရှည်ရောင်းချပေးနိုင်ရေးတို့အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက်မြို့တော်ဝန်နှင့်အဖွဲ့သည်ကမာရွတ်မြို့နယ် (၇)ရပ်ကွက် ဟံသာဝတီအခွန်လွတ်ဈေးသို့ သွားရောက်၍ ဈေးသန့်ရှင်းရေးဆောင်ရွက်ထားမှု၊ ဈေးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဈေးရောင်း/ဈေးဝယ် ပြုလုပ်နေမှုတို့ကိုလည်းကောင်း၊ ဟံသာဝတီဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်းသို့ သွားရောက်၍ လေ့ကျင်ကစားနေမှုများ၊ ဆိုင်ခန်းများ ဖွင့်လှစ်ထားရှိမှုကိုလည်းကောင်း၊ ဟံသာဝတီပျိုးခြံသို့ သွားရောက်၍ သစ်ပင်၊ ပန်းပင်များ ပျိုးထောင်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်မြို့နယ် (၁၆) ရပ်ကွက် ဘုရင့်နောင်လမ်းမပေါ်ရှိ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းသို့ သွားရောက်၍ တိုင်းဒေသကြီးအဆင့် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ကျင်းပနိုင်ရေး ပြင်ဆင်နေမှုကို ကြည့်ရှုရာ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းအတွင်း ပြိုင်ပွဲဝင် အမျိုးသား အမျိုးသမီးများ အဆောင်၊ ထမင်းချက်ဆောင်နှင့် ထမင်းစားဆောင်များ၊ ရုံးခန်းများ၊ သက်သာချောင်ချိရေး အရောင်းဆိုင်များ၊ သန့်စင်ခန်းပြင်ဆင်ထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သောက်သုံးရေ ဖူလုံရေး၊ လျှပ်စစ်မီးရရှိရေး၊ စားသုံးမှုအဆင်ပြေစေရေးနှင့် သန့်ရှင်းသပ်ရပ်ရေးတို့အတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ဘူးသီးတောင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစံပြဆု ပေးအပ်

**ဘူးသီးတောင် စက်တင်ဘာ ၄**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစံပြဆုပေးအပ်ပွဲနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်ရေးဆွဲနည်း သင်တန်းဖွင့်ပွဲကို ယမန်နေ့က ဘူးသီးတောင်မြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျန်အေးက အမှာစကားပြောကြားရာတွင် စံပြဆုရရှိသည့်ကျေးရွာများအား ဂုဏ်ယူပါကြောင်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်ရေးဆွဲနည်းသင်တန်း တက်ရောက်မည့် သင်တန်းသားသင်တန်းသူများကလည်း သင်တန်းမှပို့ချမည့် ဘာသာရပ်များအား ကြိုးစားသင်ယူစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလှိုင်က စံပြဆုရရှိသည့် ကျေးရွာများကဲ့သို့ ကျန်ကျေးရွာများမှလည်း ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းစွမ်းဆောင်ရည်အသိအမှတ်ပြု ဂုဏ်ပြုလက်မှတ်ရရှိသည့် ဘူးသီးတောင်မြို့နယ် မြို့မစေတီးတောင်ကျေးရွာနှင့် ကျဉ်တောက်ကျေးရွာမှ ကော်မတီဝင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**လှကျော် (ပြန်/ဆက်)**

# နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းနှင့် ဘိုးဘွားရိပ်သာများသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၄**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်းများ၊ ပရိယတ္တိစာသင်တိုက်များ၊ သီလရှင်စာသင်တိုက်များနှင့် ဘိုးဘွားရိပ်သာများသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများမှ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက်တွင် ကျင်းပသည်။



အခမ်းအနားသို့ နေပြည်တော် တပ်ကုန်းမြို့နယ် မြို့ရှေ့စန္ဒာရုံကျောင်းတိုက် ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒာသိရီ အမှူးပြုသော ဆရာတော်သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင် ဆရာကြီးများ ကြွရောက်တော်မူကြပြီး နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ တပ်မတော်အရာရှိကြီးများ၊ စေတနာရှင်အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက နေပြည်တော် တပ်ကုန်းမြို့နယ် မြို့ရှေ့စန္ဒာရုံကျောင်းတိုက် ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒာသိရီထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများမှ လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် ဆေးများအား နေပြည်တော် တပ်ကုန်းမြို့ မြို့ရှေ့စန္ဒာရုံကျောင်းတိုက် ဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒာသိရီထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် အလှူရှင်များမှ လှူဒါန်းသည့် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၂၅၈၆၀၀၀ ကို တိုင်းမှူးက လှူဒါန်းရာ တပ်ကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေးက လက်ခံရယူသည်။

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း မြို့နယ်များရှိ ပရိယတ္တိစာသင်တိုက်များ၊ သာသနာ့နွယ်ဝင်သီလရှင် စာသင်တိုက်များနှင့် ဘိုးဘွားရိပ်သာများသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့ လှူဒါန်းမှု အစုစုမှာ ဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၂၅၈၆၀၀၀၊ ဆန် ၄၉၁ အိတ် ၁၆ ပြည်၊ ဆီ ၁၄၇ ပိဿာ ၅၀ ကျပ်သား၊ ပဲ ၁၄၇၅ ပိဿာ၊ ဆား ၁၄၇၅ ပိဿာ၊ လက်သန့်ဆေးရည် ၇၉၂ ဘူးနှင့် တိုင်းရင်းဆေးမျိုးစုံ ၁၇၈၈ ဘူးတို့ဖြစ်ပြီး စုစုပေါင်း တန်ဖိုးငွေကျပ် ၄၀၂၂၅၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၄**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် ဘိုးဘွားရိပ်သာများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရေပြာကျေးရွာရှိ ရွှေတွံတေးဓမ္မရိပ်သာ ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ စိတ္တသုခကျောင်းတိုက် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကျောက်လှည်းဘီး ကျေးရွာရှိ သာစုကာရီ ဘုန်းတော်ကြီးကျောင်း၊ အုန်းတကူကျေးရွာရှိ အောင်သိဒ္ဓိ ဘုန်းတော်ကြီးကျောင်းနှင့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ရှိ ပညာရောင်ခြည် သီလရှင်စာသင်တိုက်တို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မ အလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၄**

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့် ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ မိုင်းဖြတ်မြို့နှင့် မိုင်းဆတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ကျုံပျော်မြို့၊ ဟင်္သာတမြို့၊ မြန်အောင်မြို့၊ မြောင်းမြမြို့၊ မအူပင်မြို့၊ လပွတ္တာမြို့၊ ဖျာပုံမြို့နှင့် မော်လမြိုင်ကျွန်းမြို့၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့တို့၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံတပ်မတော်သားများ၊ သက်ဆိုင်ရာမြို့နယ်များမှ ဆန်လုပ်ငန်းရှင် အသင်းများနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူတို့က ဆန်၊ ဆီ၊ ဆား၊အသား၊ငါး၊ကြက်ဥ၊ဘဲဥ၊ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်၊ ရွှေဖီဦးလက်ဖက်ရည်ထုပ်နှင့် စည်သွပ်ဘူးများစသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့


### မော်တော်ယာဉ်မောင်းနှင်သူသည် မီးဖွင့်မောင်းရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၁၀၅)

မော်တော်ယာဉ်မောင်းနှင်သူသည် မီးဖွင့်မောင်းရာတွင် အောက်ပါအချက်များကို လိုက်နာရပါမည်-

(က) မည်သည့်မော်တော်ယာဉ်မဆို နေဝင်ပြီးအချိန်မှ နေမထွက်မီအချိန်ထိတွင်လည်းကောင်း၊ ရာသီဥတုကြောင့် အလင်းရောင်နည်းနေသည့် နေ့အချိန်တွင်လည်းကောင်း အလင်းရောင်ရရှိစေရန်အတွက် မီးဖွင့်၍ မောင်းနှင်ရမည်။

(ခ) မော်တော်ယာဉ် ရှေ့မီးကြီးများကို မျက်နှာချင်းဆိုင်လာသူများ မျက်စိမစူးစေရန် အောက်စိုက်၍ အသုံးပြုရမည်။ အကယ်၍မျက်နှာချင်းဆိုင်မော်တော်ယာဉ်မီးကြောင့် မျက်စိစူးပါက မိမိမော်တော်ယာဉ်၏အမြန်နှုန်းကို လျှော့မောင်းရမည် သို့မဟုတ် ခေတ္တရပ်ပေးရမည်။ အခြားမော်တော်ယာဉ်နောက်မှလိုက်၍ မောင်းနှင်နေပါက မိမိမော်တော်ယာဉ်၏ ရှေ့မီးကြီးများကို အောက်စိုက်၍ မောင်းနှင်ရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တောင်ကြီး - ဘန်းယဉ်ရထားပြေးဆွဲမှု ပြန်လည်စတင်နိုင်ခြင်း သို့မဟုတ် ငြိမ်းချမ်းခြင်းရဲ့ အသီးအပွင့်ရလဒ်ကောင်းတစ်ခု

*အာကာမောင်မောင်*

တောင်ကြီး - ဆိုက်ခေါင် လမ်းပိုင်းရှိ တောင်ကြီး-ဘန်းယဉ်ခရီးစဉ် အမှတ်(၁၅၃)အဆန်၊ အမှတ် (၁၅၄)အစုန်ရထား ပြန်လည်ပြေးဆွဲခြင်း အခမ်းအနား ဖွင့်လှစ်ခြင်းသတင်းကို စက်တင်ဘာ ၁ ရက်နေ့ည မြဝတီရုပ်မြင်သံကြားသတင်းတွင် တွေ့မြင်လိုက်ရပါတယ်။ မီးရထား လမ်းပိုင်းဖွင့်လှစ်ခြင်း သတင်းဟာ သာမန်သတင်းတစ်ပုဒ်လို့ ထင်ရပေမယ့် စာရေးသူအတွက်ကတော့ တကယ့်ကို ကြည်နူးချမ်းမြေ့ဖွယ်သတင်းပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တောင်ကြီး - ဆိုက်ခေါင်ဒေသဆိုတာ ဟိုးအရင်က အလွန်ပဲလမ်းပန်း ဆက်သွယ်ရေးခက်ခဲတဲ့ ဒေသတစ်ခုဖြစ်ခဲ့လို့ပါပဲ။

**ကောင်းကျိုးတွေဟာ ရေးပြလို့မကုန်နိုင်**

ဒီလို လမ်းပန်းဆက်သွယ်မှုခက်ခဲတဲ့ ဒေသတွေကို လမ်းပန်းဆက်သွယ်မှု လွယ်ကူအောင်၊ ဒေသနေတိုင်းရင်းသားတွေရဲ့ လူနေမှုဘဝ မြင့်မားတိုးတက်အောင် လုပ်ဆောင်ပေးတဲ့ အရာတွေထဲမှာ မီးရထားဟာ အဓိကကျလှပါတယ်။ မီးရထားနဲ့ ခရီးသွားလာရတာဟာ သက်သာချောင်ချိမှုရှိပြီး ကောင်းကျိုးတွေ များပြားလှပါတယ်။ လူအများကို တစ်ပြိုင်တည်း တင်ဆောင်နိုင်သလို ကုန်ပစ္စည်း အများအပြားကိုလည်း တင်ဆောင်နိုင်ပါတယ်။ ကောင်းကျိုးတွေဟာ ရေးပြလို့မကုန်နိုင်အောင်ပါပဲ။

တွေ့မြင်လိုက်ရတဲ့ သတင်းမှာတော့ တောင်ကြီး-ဘန်းယဉ် ရထားလမ်းပိုင်းမှာ ပြေးဆွဲမယ့်ရထားကို တာဝန်ရှိသူတွေက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရထားပေါ်မှာ စီးနင်းလိုက်ပါကြတဲ့ ခရီးသွားပြည်သူတွေကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အမှတ်တရလက်ဆောင်ပစ္စည်းတွေပေးနေတာကို မြင်တွေ့လိုက်ရပါတယ်။ ခရီးသည်တွေရဲ့ ရွှင်ပြုံးနေတဲ့ မျက်နှာတွေဟာ သူတို့ရဲ့ ဝမ်းသာမှုကို



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် တာဝန်ရှိသူများ တောင်ကြီး - ဆိုက်ခေါင်လမ်းပိုင်းရှိ တောင်ကြီး-ဘန်းယဉ် ခရီးစဉ်အမှတ် (၁၅၃)အဆန်၊ အမှတ် (၁၅၄) အစုန်ရထား ပြန်လည်ပြေးဆွဲခြင်းအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

ဖော်ပြနေတာပါပဲ။

ခရီးသည်အများစုကတော့ ပအိုဝ်းတိုင်းရင်းသားတွေ ဖြစ်ပါတယ်။ ဒီဒေသဟာလည်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်ပါတယ်။ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်နဲ့ ပင်လောင်းမြို့နယ်တို့ဟာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေဖြစ်ပါတယ်။ ရိုးသားဖြူစင်ပြီး ချစ်စရာကောင်းလှတဲ့ ပအိုဝ်းတိုင်းရင်းသားဝတ်စုံလေးတွေနဲ့ ခရီးသွားတွေကို မြင်လိုက်ရတော့ ဒီလိုမျိုးရထားပြေးဆွဲပေးတဲ့အတွက် သူတို့ရင်ထဲမှာ ဘယ်လောက်များ ဝမ်းသာနေလိမ့်မလဲလို့ တွေးမိပါတယ်။ စာရေးသူဟာ နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၃၀ ကျော် တာဝန်ထမ်းဆောင်ခဲ့တဲ့အချိန်မှာ အခုရထားလမ်းဖွင့်လှစ်တဲ့ ဒေသတွေကို အကြိမ်များစွာ ရောက်ခဲ့ဖူးပါတယ်။ ဒါ့ကြောင့် သူတို့ရဲ့ရင်ထဲက ဝမ်းသာကြည်နူးမှုကို မှန်းဆနိုင်တာပါ။

ငြိမ်းချမ်းခြင်းရဲ့တန်ဖိုး၊ ငြိမ်းချမ်းခြင်းရဲ့အရသာကို သူတို့စံစားနေရပြီလေ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ တိုင်းပြည်ကို စတင်တာဝန်ယူခဲ့ပါတယ်။ တာဝန်ယူပြီးတာနဲ့ နိုင်ငံတော်အတွက် တစ်နည်းအားဖြင့် တိုင်းပြည်နဲ့လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံကဏ္ဍစုံမှနေ၍ အစွမ်းကုန်ဆောင်ရွက်နေတာတွေကို အားလုံးအသိပဲဖြစ်ပါတယ်။ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နဲ့ ဦးတည်ချက်(၉)ရပ် ချမှတ်ဆောင်ရွက်နေသလို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှာလည်း တိုင်းရင်းသားခေါင်းဆောင်အများအပြား ပါဝင်ဖွဲ့စည်းထားပါတယ်။

**ဒုတိယအကြိမ် ထပ်မံဆွေးနွေး**

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်တွေ ချမှတ်ဆောင်ရွက်လျက်ရှိရာမှာ အဓိကအကျဆုံးကတော့ ငြိမ်းချမ်းရေးပါပဲ။ အရာရာတိုင်း၊ ကိစ္စရပ်တိုင်း အောင်မြင်မှုရှိအောင် လုပ်ဆောင်ဖို့ဆိုရင် ငြိမ်းချမ်းရေးဟာ အဓိကပါပဲ။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်ဖို့အတွက် တစ်နိုင်ငံလုံး လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းစေဖို့ လိုပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ပြီး ကြိုတင်ကန့်သတ်ချက်မထားဘဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို ငြိမ်းချမ်းရေးဖိတ်ခေါ်ခဲ့ပါတယ်။ လက်ရှိအဖွဲ့ ၁၀ ဖွဲ့နဲ့ ငြိမ်းချမ်းရေးဆွေးနွေးလျက်ရှိပါတယ်။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တွေ့ဆုံပြီး နှစ်ဖက်အမြင်နဲ့ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးကို ရှေးရှုဆွေးနွေးနေတဲ့အတွက် ငြိမ်းချမ်းရေးဆွေးနွေးမှုတွေ အောင်မြင်လျက်ရှိပါတယ်။ လက်ရှိမှာ ပထမအကြိမ် ဆွေးနွေးပြီးနောက် ဒုတိယအကြိမ် ထပ်မံဆွေးနွေးလျက်ရှိပါတယ်။

အဲဒီ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) အဖွဲ့လည်း ပါဝင်ပါတယ်။၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက်မှ ဇွန် ၁၈ ရက်အထိ ပထမအကြိမ်ဆွေးနွေးခဲ့ပြီး ဩဂုတ် ၂၂ ရက်မှ ၂၆ ရက်အထိ ဒုတိယအကြိမ် ဆွေးနွေးခဲ့ကြပါတယ်။ ဒီလိုမျိုး ကောင်းမွန်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှု ရလဒ်တွေကြောင့် လက်ရှိအခြေအနေကို အမှန်အတိုင်းသုံးသပ်ပြရရင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှာ အေးချမ်းသာယာလျက် ရှိပါတယ်။ စက်တင်ဘာ ၁ ရက်မှာ ဖွင့်လှစ်လိုက်တဲ့ တောင်ကြီး-ဘန်းယဉ်ရထားပြေးဆွဲမှုကို ပြန်လည်စတင်နိုင်ခြင်းဟာ ငြိမ်းချမ်းခြင်းရဲ့ သက်သေတစ်ခုလို့ ပြောနိုင်ပါတယ်။

တောင်ကြီး - ဆိုက်ခေါင် ရထားလမ်းပိုင်းမှာရှိတဲ့ တောင်ကြီးကနေ ဘန်းယဉ်အထိ ၃၃ ဒသမ ၇၁ မိုင် ပြန်လည်ဖွင့်လှစ်ပြီး အမှတ်(၁၅၃)အဆန်၊ (၁၅၄) အစုန်ရထားတွေ ပြန်လည်ပြေးဆွဲတဲ့အတွက် ဒေသခံပြည်သူတွေ ခရီးသွားလာမှုတွေ အဆင်ပြေသွားပါတယ်။ အဆင်ပြေသွားပါတယ် ဆိုတာထက် အများကြီး အဆင်ပြေပါတယ်လို့ဆိုနိုင်ပါတယ်။ ဒေသထွက်ကုန်တွေဖြစ်တဲ့ နေကြာ၊ မြေပဲ၊ ပြောင်း၊ ထောပတ်သီးစတဲ့သီးနှံတွေကို ရထားနဲ့ တောင်ကြီးမြို့ပေါ်အထိ တင်ပို့ရောင်းချနိုင်ပါတယ်။ ဒေသထွက်ကုန်အပြင် အခြားကုန်ပစ္စည်းတွေကိုလည်း ရထားနဲ့သယ်ယူပို့ဆောင်နိုင်ပြီဖြစ်တဲ့အတွက် ကုန်ကျစရိတ်လွန်စွာသက်သာလှပါတယ်။

**တိုးချဲ့ပြေးဆွဲပေးနိုင်အောင်ဆောင်ရွက်**

မြန်မာနိုင်ငံ ဒေသအသီးသီးကလာတဲ့ ဧည့်သည်တွေ၊ ဒေသခံပြည်သူတွေဟာ ရထားစီးပြီး မွေတော်ကက္ကူဘုရားကို လွယ်လွယ်ကူကူ သွားရောက်ဖူးမြော်နိုင်ကြပါတယ်။ ရထားပြေးဆွဲရာမှာ အမှတ်(၁၅၄) အစုန်လူစီးကုန်တင်ရထားဟာ ဘန်းယဉ်မှ ၀၅:၃၀ နာရီအချိန်ထွက်ခွာပြီး တောင်ကြီးကို ၀၈:၀၀ နာရီအချိန် ရောက်ရှိမှာဖြစ်ပါတယ်။ လမ်းခရီးတစ်လျှောက် ဘူတာများအနေနဲ့ ကက္ကူရပ်စခန်း၊ ဟမ်းဆီးဘူတာ၊ နောင်ကားရပ်စခန်း၊ ဖာမွန်းဘူတာတွေမှာ ရပ်ပေးမှာဖြစ်ပြီး တောင်ကြီးဘူတာကနေ ၁၄:၃၀ နာရီအချိန်မှာ ပြန်လည်ထွက်ခွာပြီး ဘန်းယဉ်ဘူတာသို့ ၁၆:၅၀ နာရီအချိန် ပြန်လည်ရောက်ရှိမှာဖြစ်ပါတယ်။ စတင်ပြေးဆွဲချိန်မှာ တောင်ကြီးဈေးနေ့ ၅ ရက်တစ်ဈေး ဈေးနေ့တိုင်းပြေးဆွဲပေးမှာဖြစ်ပြီး ပြည်သူတွေရဲ့ လိုအပ်ချက်အပေါ်ကြည့်ပြီး တိုးချဲ့ပြေးဆွဲပေးနိုင်အောင်လည်း ဆောင်ရွက်ပေးမှာဖြစ်တယ်လို့ သိရပါတယ်။

ဒီရထားလမ်းပိုင်းမှာ ထူးခြားတာတစ်ခုရှိပါတယ်။ ဒါကလည်း နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျတဲ့ စက်ရုံတစ်ရုံဟာ တောင်ကြီးမြို့နယ် ပင်းပက်ဒေသမှာ တည်ရှိပါတယ်။ အဲဒီစက်ရုံကတော့ တောင်ကြီးမြို့နယ် ပင်းပက်ဒေသ ပင်ငိုကျေးရွာအနီးမှာတည်ရှိတဲ့ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) ဖြစ်ပါတယ်။ သံကျောက်ရိုင်းတွေကနေ သံအကောင်းစား သံမဏိတွေကို ကိုယ်ပိုင်ထုတ်လုပ်နိုင်တဲ့ စက်ရုံတစ်ခုဖြစ်ပါတယ်။ နောင်ကားလမ်းခွဲဘူတာ - ပင်းပက်လမ်းပိုင်းဟာ တောင်ကြီး-ဆိုက်ခေါင် ရထားလမ်းပိုင်းမှာရှိနေတာမို့ အခုလိုမျိုး ရထားပြေးဆွဲပေးခြင်းဖြင့် နိုင်ငံ့စီးပွားရေးကိုလည်း အထောက်အကူပြုစေမှာဖြစ်ပါတယ်။ ဒါဟာနိုင်ငံတော်အစိုးရရဲ့ ဦးဆောင်လမ်းညွှန်မှု၊ သက်ဆိုင်ရာ ဝန်ကြီးဌာနရဲ့ ကြိုးပမ်းမှုနဲ့ ငြိမ်းချမ်းရေးရရှိနေခြင်းရဲ့ ကောင်းကျိုးတွေပဲ ဖြစ်ပါတယ်။

*စာမျက်နှာ ၉ သို့*

○ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) အဖွဲ့လည်း ပါဝင်ပါတယ်။ ၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက်မှ ဇွန် ၁၈ ရက်အထိ ပထမအကြိမ် ဆွေးနွေးခဲ့ပြီး ဩဂုတ် ၂၂ ရက်မှ ၂၆ ရက်အထိ ဒုတိယအကြိမ် ဆွေးနွေးခဲ့ကြပါတယ်။ ဒီလိုမျိုး ကောင်းမွန်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှု ရလဒ်တွေကြောင့် လက်ရှိအခြေအနေကို အမှန်အတိုင်းသုံးသပ်ပြရရင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ အေးချမ်းသာယာလျက်ရှိပါတယ်။ စက်တင်ဘာ ၁ ရက်မှာ ဖွင့်လှစ်လိုက်တဲ့ တောင်ကြီး-ဘန်းယဉ်ရထားပြေးဆွဲမှုကိုပြန်လည်စတင်နိုင်ခြင်းဟာ ငြိမ်းချမ်းခြင်းရဲ့သက်သေတစ်ခုလို့ ပြောနိုင်ပါတယ်

*စာမျက်နှာ ၈ မှ*

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆိုတဲ့အတိုင်း ပအိုဝ်းက ၄၀ ဒသမ ၁၆ ရာခိုင်နှုန်း၊ ရှမ်းက ၆ ဒသမ ၄၃ ရာခိုင်နှုန်း၊ ဗမာက ၃၈ ဒသမ ၁၇ ရာခိုင်နှုန်းနဲ့ အခြားတိုင်းရင်းသားတွေက ၁၅ ဒသမ ၂၄ ရာခိုင်နှုန်းခန့် နေထိုင်ကြတာဖြစ်ပါတယ်။ ဒေသမှာထွက်ရှိတဲ့ သီးနှံတွေကတော့ ထောပတ်၊ မြေပဲ၊ နှမ်း၊ ပြောင်း၊ နာနတ်၊ နေကြာနဲ့ ဟင်းသီးဟင်းရွက်အစုံထွက်ရှိပါတယ်။ မွေးမြူရေးအနေနဲ့ ကြက်၊ ဝက်နဲ့ နွားမွေးမြူကြပါတယ်။ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ပြင်းထန်နေတဲ့အချိန်တုန်းက ဒေသထွက်ကုန်ပစ္စည်းတွေ ပို့ဆောင်ဆက်သွယ်မှု မလွယ်ကူလို့ ရောင်းဝယ်မှုရပ်တန့်နေတာမျိုး ကြုံခဲ့ဖူးပါတယ်။ အဲဒီတုန်းကလည်း တပ်မတော်ကပဲ သတ်မှတ်ကာလ ပေါက်ဈေးအတိုင်း ဝယ်ယူပေးခဲ့ပါတယ်။ အခုလို မီးရထားပြေးဆွဲနေပြီဖြစ်တဲ့အတွက် ပို့ဆောင်ဆက်သွယ်မှု အခက်အခဲတွေလည်း ပြေလည်လာမှာဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅) ရပ်မှာ ပထမဆုံးအချက်အနေနဲ့ သတ်မှတ်ထားတာကတော့ ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးပဲဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက်အခုလို မီးရထားဖွင့်လှစ်ပေးလိုက်တာဟာ ဒေသခံပြည်သူတွေအတွက်တော့ ကောင်းမွန်တဲ့ ဆုလာဘ်ကြီးတစ်ခုလို့ ပြောဆိုနေကြပါတယ်။ တောင်ကြီးမြို့မှာ လူဦးရေ ၂၃၃၈၄၂ ဦးခန့်နဲ့ ကျေးလက်နေလူဦးရေဟာ ၁၇၀၇၆၉ ဦးခန့် နေထိုင်ကြတာမို့ စုစုပေါင်းလူဦးရေ ၄၀၄၆၁၁ ဦးခန့်ရှိတဲ့ ဒေသတစ်ခုလို့ ခန့်မှန်းနိုင်ပါတယ်။

**သွားလာမှုလွယ်ကူ**

နိုင်ငံတော်ကြီးကို ဘက်စုံ၊ ကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာမှာ လမ်းပန်းဆက်သွယ်မှု အဆင်ပြေ ချောမွေ့စေရေးဟာလည်း အဓိကအခန်းကဏ္ဍကပါဝင်ပါတယ်။ စက်သုံးဆီချွေတာရေးအတွက် အများပိုင်သယ်ယူပို့ဆောင်ရေးယာဉ်များနဲ့ ခရီးသွားလာရန် လိုအပ်နေချိန်မှာ မီးရထားနဲ့ ခရီးသွားခြင်းဟာ အကောင်းမွန်ဆုံးအခွင့်အရေးတစ်ရပ်ဖြစ်ပါတယ်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသခံတိုင်းရင်းသားတွေဟာ ကုန်ကျစရိတ်သက်သာစွာ ရထားနဲ့ ခရီးသွားလာနိုင်ပြီး ဒေသထွက်ကုန်တွေကိုလည်း မြို့ပေါ်အထိ သယ်ယူပို့ဆောင်ပြီး ရောင်းချနိုင်ပြီဖြစ်ပါတယ်။ ရထားနဲ့ သယ်ယူပို့ဆောင်ခြင်းဟာ စရိတ်စကနည်းတဲ့အတွက် ဒေသခံပြည်သူတွေ အကျိုးအမြတ်ပိုမိုရရှိစေမှာလည်း ဖြစ်ပါတယ်။ ဒ့ါအပြင် တောင်ကြီးမှာ တက္ကသိုလ်ရှိနေတဲ့အတွက် အဆင့်မြင့်ပညာသင်ကြားနေသူတွေအတွက်ရထားခရီးစဉ်နဲ့ သွားလာမှုလွယ်ကူတာကိုလည်း တွေ့မြင်နိုင်ပါတယ်။

**လမ်းပိုင်းကြံ့ခိုင်မှုရှိစေရေးဆောင်ရွက်ပေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့မှာ တောင်ကြီး-ဆိုက်ခေါင် ရထားလမ်းအား ရထားပြန်လည်ပြေးဆွဲနိုင်ရေး သတ်မှတ်စံချိန်စံညွှန်းနဲ့အညီ ပြုပြင်ဆောင်ရွက်ရန် လမ်းညွှန်ချက်အရ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ စတင်ပြုပြင်ဆောင်ရွက်ခဲ့ပါတယ်။ တောင်ကြီးမှ ဆိုက်ခေါင်အထိ ၄၀ ဒသမ ၆၇ မိုင်ကို ပြုပြင်ရာမှာ ကွန်ကရစ်ဇလီဖားတုံး ၅၈၇၈၀၊ လမ်းခင်းကျောက် ၁၀၇၇၃ ကျင်း ဖြည့်တင်းဆောင်ရွက်ခဲ့ပါတယ်။ လမ်းမြှောက်ပါကင်ရိုက်ခြင်း၊ သံလမ်းအဆက်ညှိခြင်း၊ လမ်းဘေးဝဲယာတောချုံခုတ်ထွင်ရှင်းလင်းခြင်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒါတွေဟာ ရထားလမ်းပိုင်းကြံ့ခိုင်တောင့်တင်းမှုရှိစေရေး ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။

**အထူးအလေးထားကြိုးပမ်း**

၂၀၂၂ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့မှာတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **"တောင်ကြီး-ဆိုက်ခေါင် ရထားလမ်း ပြုပြင်ပြီးစီးပြီဖြစ်သဖြင့် ရထားပြန်လည်ပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်"** လမ်းညွှန်မှာကြားချက်အရ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်နိုင်ရေးအတွက် ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁၀ ရက်နေ့မှာ ယာယီရပ်နားထားခဲ့တဲ့ တောင်ကြီး-ဆိုက်ခေါင် လမ်းပိုင်းအတွင်း တောင်ကြီးမှ ဘန်းယဉ် အထိ ၃၃ ဒသမ၇၁ မိုင်အား ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁ ရက်မှာ ပြန်လည်ပြေးဆွဲခဲ့တာဖြစ်တယ်လို့ သိရှိရပါတယ်။ နိုင်ငံတော်ရဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ ရထားဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဟာ အရေးပါဆဲဖြစ်တာကြောင့် "ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရွယ်" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ ဦးဆောင်မှုအရ မြန်မာ့မီးရထား၏ လုပ်ငန်းတာဝန်ဖြစ်တဲ့ ခရီးသည်နဲ့ ကုန်စည်ပို့ဆောင်သူများ စိတ်ချမ်းမြေ့အဆင်ပြေစေရေး အထူးအလေးထားကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။

ဒီနေရာမှာ စာဖတ်သူတွေ ဗဟုသုတရစေဖို့ စာရေးသူလေ့လာသိရှိသမျှ မြန်မာ့မီးရထားရဲ့ ပြည်သူတွေသွားလာရေးအဆင်ပြေစေဖို့ မီးရထားလမ်းတိုးချဲ့ဖောက်လုပ်နေမှုတွေကို ဖော်ပြပေးပါဦးမယ်။ မြန်မာနိုင်ငံမှာ ရထားလုပ်ငန်းစတင်ခဲ့တဲ့ ၁၈၇၇ ခုနှစ်မှ လွတ်လပ်ရေးမရမီ ၁၉၄၈ ခုနှစ်အထိ ရထားလမ်းခရီးမိုင်၁၉၂၄ မိုင်နဲ့ ဘူတာရုံပေါင်း ၄၇၆ ခုဆောက်လုပ်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း ရထားလမ်းခရီးမိုင် ၅၄ မိုင်နှင့် ဘူတာရုံ၁၁ခု တည်ဆောက်နိုင်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းမှာတော့ ရထားလမ်းခရီးမိုင် ၁၈၂၂ မိုင်နှင့် ဘူတာရုံ ၄၇၃ ခု ထပ်မံတိုးချဲ့ ဖောက်လုပ်တည်ဆောက်နိုင်ခဲ့တဲ့အတွက် နိုင်ငံတစ်ဝန်းလုံးမှာ ရထားလမ်းခရီးမိုင်ပေါင်း ၃၈၀၀ နဲ့ ဘူတာရုံပေါင်း ၉၆၀ ရှိနေပြီဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ နိုင်ငံတော်ကို တာဝန်ယူပြီးနောက် နိုင်ငံတော်အကြီးအကဲက ရထားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကအလေးထားပြီး လမ်းညွှန်မှုများပေးခဲ့ရာမှာ ရထားလမ်းများ ကြံ့ခိုင်ကောင်းမွန်စေရေးအတွက် သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းတွေအတိုင်း တိကျစွာလိုက်နာ၍ ရေရှည်အသုံးပြုနိုင်ရေးအတွက် စဉ်းစားဆောင်ရွက်ရန်၊ ရထားလမ်းများပြုပြင်ထိန်းသိမ်းခြင်းနှင့် ထပ်မံတိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းများတွင် ပြည်တွင်းအင်ဂျင်နီယာပညာရှင်များကို အဓိကထားအသုံးပြု၍ နည်းပညာများတိုးတက်ဆောင်ရွက်ရန်၊ အနာဂတ်တွင် လျှပ်စစ်ရထားပြေးဆွဲနိုင်ရေး ကြိုတင်စဉ်းစားဆောင်ရွက်ရန်တို့အား လမ်းညွှန်မှာကြားခဲ့ပါတယ်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် တာဝန်ရှိသူများ တောင်ကြီး – ဆိုက်ခေါင်လမ်းပိုင်းရှိ တောင်ကြီး–ဘန်းယဉ် ခရီးစဉ်အမှတ် (၁၅၃)အဆန်၊ အမှတ် (၁၅၄) အစုန်ရထား ပြန်လည်ပြေးဆွဲနေမှုကို ကြည့်ရှုအားပေးနေစဉ်။

**သံမဏိစက်ရုံအတွက်**
**အကျိုးပြုမယ့် လမ်းလည်းဖြစ်**

လက်ရှိမှာတော့ အဓိကအရေးပါတဲ့ ရထားလမ်းမကြီးတွေအနက် ရန်ကုန်-မန္တလေးလမ်းနဲ့ ရန်ကုန်မြို့ပတ်လမ်းတွေကို ဂျပန်နိုင်ငံ JICA ရဲ့ ဖွံ့ဖြိုးမှုရန်ပုံငွေနဲ့ နိုင်ငံတော်ဘဏ္ဍာငွေကကျခံပြီး ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ဒ့ါအပြင် မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းကိုလည်း အဆင့်မြှင့်တင်နိုင်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံရဲ့ ဖွံ့ဖြိုးမှုရန်ပုံငွေနဲ့ ဆောင်ရွက်နေပါတယ်။ မြန်မာ့မီးရထားအနေနဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံ၍ မြင်းခြံ -သာစည်၊ သာစည်-ရွှေညောင်၊ ရွှေညောင် - တောင်ကြီး၊ တောင်ကြီး - ဆိုက်ခေါင်၊ ဇီးပင်ကြီး - ပြင်ဦးလွင်- ဂုတ်ထိပ်၊ မန္တလေးမြို့ပတ် ရထားလမ်းပိုင်းတွေ အဆင့်မြှင့်တင်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းနဲ့ နောင်ကား-ပင်းပက်လမ်းပိုင်း တိုးချဲ့ဖောက်လုပ်ခြင်းတွေ ဆောင်ရွက်နေပါတယ်။ နောင်ကား-ပင်းပက်လမ်းပိုင်းဟာ အထက်မှာပြောခဲ့တဲ့ နိုင်ငံအတွက် အရေးကြီးတဲ့ သံမဏိစက်ရုံအတွက် အကျိုးပြုမယ့် လမ်းလည်းဖြစ်ပါတယ်။

မြန်မာ့မီးရထား အနေနဲ့ကတော့ နိုင်ငံတစ်ဝန်းလုံး ကွန်ရက်သဖွယ် ဆက်သွယ်နိုင်တဲ့ ရထားလမ်းတွေ တိုးချဲ့ဖောက်လုပ်နေပါတယ်။ မူဆယ်မှ မန္တလေးအထိ ရထားလမ်းသစ်ဖောက်လုပ်နိုင်ဖို့ စီမံကိန်းဖြစ်မြောက်နိုင်ခြေလေ့လာမှုလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်။ ဒ့ါအပြင် မန္တလေးကနေ ကျောက်ဖြူအထိ ရထားလမ်းအသစ်ဖောက်လုပ်နိုင်ရေးအတွက် စီမံကိန်းဖြစ်မြောက်နိုင်ခြေ လေ့လာမှုလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါတွေဟာ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် မြန်မာ့မီးရထားက ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မှု အစီအစဉ်တွေကို တင်ပြခြင်းဖြစ်ပါတယ်။

ခရီးသွားပြည်သူတွေ လွယ်လွယ်ကူကူ သွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားကပြေးဆွဲနေတဲ့ အခြေအနေတွေကို လေ့လာမိသလောက်ပြောရရင် ရန်ကုန် - မန္တလေးလမ်းပိုင်းမှာ အမြန်ရထားလေးစင်း၊ စာပို့ရထားနှစ်စင်း၊ ရန်ကုန် - မော်လမြိုင်လမ်းပိုင်းမှာ အမြန်ရထားနှစ်စင်း၊ ရန်ကုန်-ပြည်လမ်းပိုင်းမှာ အမြန်ရထားနှစ်စင်း၊ စာပို့ရထား နှစ်စင်း၊ ရန်ကုန် - ပဲခူးလမ်းပိုင်းမှာ RBE ရထားနှစ်စင်း၊ ပုသိမ်-ဟသ်ာတ-ကြံခင်း လမ်းပိုင်းမှာ စာပို့ရထားနှစ်စင်း၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်းမှာ လူစီးကုန်တင်ရထားနှစ်စင်း၊ သာစည်-ရွှေညောင်လမ်းပိုင်းမှာ စာပို့ရထားနှစ်စင်း၊ ပြင်ဦးလွင်-ဂုတ်ထိပ်လမ်းပိုင်းမှာအမြန်ရထားနှစ်စင်း၊ ပြည်တော်သာ-ရေချမ်းပြင်လမ်းပိုင်းမှာ RBE ရထားလေးစင်း၊ တောင်ကြီး - ဆိုက်ခေါင်လမ်းပိုင်းမှာ လူစီးကုန်တင်ရထားနှစ်စင်း စုစုပေါင်း ၂၈ စင်းနဲ့ ရန်ကုန်မြို့ပတ်ရထား ၂၆ စင်း စုစုပေါင်းလူစီးရထား ၅၄ စင်း ပြေးဆွဲပေးလျက်ရှိပါတယ်။ ဒါတွေကတော့ မြန်မာ့မီးရထားရဲ့ စွမ်းဆောင်ချက်တွေကို အနှစ်ချုပ်တင်ပြပေးခြင်းဖြစ်ပါတယ်။


**ဝိုင်းဝန်းကူညီဖို့ လိုအပ်**

နိုင်ငံတော်ရဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ ရထားဖြင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းဟာ လွန်စွာအရေးပါတဲ့ လုပ်ငန်းဖြစ်ပါတယ်။ **ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရွယ်**ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်များအရ မြန်မာ့မီးရထားရဲ့ လုပ်ငန်းတာဝန်တွေဖြစ်တဲ့ ခရီးသည်နဲ့ ကုန်စည်ပို့ဆောင်သူများ စိတ်ချမ်းမြေ့အဆင်ပြေရေး အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။ စက်တင်ဘာ ၁ ရက်က ဖွင့်လှစ်ပေးခဲ့တဲ့ တောင်ကြီး – ဘန်းယဉ် မီးရထားခရီးစဉ်ဟာ ဒေသခံပြည်သူတွေအတွက် ရာခိုင်နှုန်းပြည့် ကောင်းကျိုးချမ်းသာဖြစ်စေပါတယ်။ ဒေသခံပြည်သူတွေရဲ့ ရင်တွင်းစကားသံတွေကိုလည်း နိုင်ငံပိုင်သတင်းမီဒီယာတွေမှာ ဝမ်းမြောက်ရွှင်လန်းစွာ တွေ့မြင်လိုက်ကြပြီး ဖြစ်ပါတယ်။ နယ်မြေဒေသ အေးချမ်းတည်ငြိမ်မှုရှိခြင်း၊ ပြည်သူလူထုကိုယ်တိုင်က အဖျက်သမားတွေကို ရွံရှာမုန်းတီးကာ လက်ခံမှုမပြုခြင်းတို့ကြောင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟာ ချမ်းမြေ့ပျော်ရွှင်စရာ ဖြစ်နေပါပြီ။ ဘုရားသွား၊ ကျောင်းတက်၊ ဈေးဝယ်ထွက်ဖို့ ရထားကလည်း အဆင်သင့်ရှိနေပြီဖြစ်ပါတယ်။ ဥဩသံပေး ထာဝရပြေးဆွဲနိုင်ရေးအတွက် မီးရထားရဲ့ အဓိကကျတဲ့ လုံခြုံစိတ်ချရမှု၊ အချိန်မှန်ကန်မှုရှိစေရေး မြန်မာ့မီးရထားအနေနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ မီးရထားလုပ်ငန်းတွေ တည်တံ့ခိုင်မြဲအောင် ပြည်သူတစ်ရပ်လုံးအနေနဲ့ အသိစိတ်မြင့်မားစွာနဲ့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြဖို့ လိုအပ်လှပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ၁ နှစ်နှင့် ၆ လပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် မိန့်ခွန်းတွင် **"ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကိုရှေးရှုပြီး ပိုမိုကောင်းမွန်တဲ့ နိုင်ငံတော်နဲ့ လူမှုစီးပွားဘဝတွေကို တည်ဆောက်ပေးသွားမှာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ အစိုးရအနေနဲ့ "ရှေ့သို့လှမ်းမည်၊ ပန်းတိုင်ဆီ"(Keep Moving Forward to Achieve Our Goal) ဆိုတဲ့အတိုင်း နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကိုရှေးရှုပြီး ပိုမိုကောင်းမွန်တဲ့ နိုင်ငံတော်နဲ့ လူမှုစီးပွားဘဝတွေကို တည်ဆောက်ပေးသွားမှာ ဖြစ်ကြောင်း တိုင်းရင်းသားပြည်သူလူထုကို အသိပေး ပြောကြားလိုပါတယ်"**ဟူ၍ ထည့်သွင်းပြောကြားခဲ့ပါတယ်။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုတဲ့အတိုင်း "ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရွယ်" ဆောင်ပုဒ်နဲ့အညီ မီးရထားလမ်းကြောင်းများ ပိုမိုပေါ်ထွန်းလာရေး ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ပါတယ်။ ။

# တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့

မေတ္တာမိုးနှင်း(ပဲခူး)



**တော်သလင်းလ**

တော်သလင်းလဟူသောအမည်ပညတ်တွင်“တော်” ဆိုသည်မှာ မြင့်မြတ်သည်။ အထွတ်အထိပ်ဖြစ်သည်။ အထက်ကောင်းကင်ဖြစ်သည်ဟူ၍လည်းကောင်း၊ “သလင်း”ဆိုသည်မှာ သာလင်းမှလာ၍ သာယာ ထွန်းလင်းဟူသော အဓိပ္ပာယ်ရှိသည်ဟူ၍လည်း ယူဆကြသည်။ အင်းဝခေတ်နှောင်းပိုင်းတွင် “သစ်ဆင်းလ”ဟူသော အသုံးအနှုန်းကို ပျို့ကဗျာများ၌ တွေ့ရပြန်သည်။ အချို့သောပညာရှင်များက သစ်ဖောင်ဝါးဖောင်များ စုန်ဆင်းသောလဟု အဓိပ္ပာယ်မှတ်ကြသည်။ စာဆိုဦးအောင်ကြီး၏ လူးတားတွင် တိုင်လေးစင်၏ ထိပ်ဖျားမှ ပိုက်ခင်းထားသော ရေပြင်ပေါ်သို့ ခုန်ဆင်းသည့် ပျော်ပွဲသဘင်ဟု ဖော်ပြထားသောကြောင့် ပန်းလုသဘင်၊ သစ်ဆင်းသောပွဲတော်ကို အစွဲပြု၍ သစ်ဆင်းလဟု ခေါ်ဆိုကြောင်း လေ့လာသိရှိရသည်။

တော်သလင်းလကို ရာသီအားဖြင့် ကန်ရာသီဟု ခေါ်ကြသည်။ ကန်ရာသီဆိုသည်မှာ ကညာဟုဆိုလိုခြင်းဖြစ်သည်။ ကညာဟူသည်ကား နှစ်သက်ခြင်းဟူသော အဓိပ္ပာယ်ကိုလည်း ဆောင်သောကြောင့် ပါဠိသဒ္ဒါ၌ တောသဟုဆိုလိုပြီး တောသမှ တော်သလင်းသို့ ပြောင်းလဲလာခြင်းဖြစ်သည်ဟု လေ့သင်းအတွင်းဝန်က မိန့်ဆိုခဲ့သည်။ “သလင်း” သည် “ကြည်လင်သန့်ရှင်းခြင်း”ကို ရည်ညွှန်း၍“တော်”မှာ အမြင့်အား ရည်ညွှန်းသောကြောင့် “ မိုးကောင်းကင်” ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် “တော်သလင်း” ဆိုသည်မှာ “မိုးကောင်းကင်ကြည်လင်သာယာသည်” ဟူသော အနက်အဓိပ္ပာယ်ကို ဆောင်သည်။ ထို့ကြောင့် နူးညံ့သိမ်မွေ့သော ကန်ရာသီသည် ကညာရုပ်ဖြစ်သကဲ့သို့ တိမ်ကင်းစင်သောအချိန် ဖြူစင်သော“ဗျိုင်းတာရာ”နက္ခတ်ဟု ပမာပြုကြခြင်းပင် ဖြစ်ပေလိမ့်မည်။

“တော်သလင်းမြစ်တွင်း သင်ဖြူးခင်း”ဆိုသည့်အတိုင်း တော်သလင်းလတွင် မိုးနည်းပါး၍ မြစ်ချောင်းများသည် သင်ဖြူးဖျာခင်းထားသကဲ့သို့ ရေပြင်လှိုင်းများ ငြိမ်သက်နေပေသည်။ ထို့ကြောင့် တော်သလင်းလတွင် မြန်မာ့ရိုးရာဖြစ်သော ရာသီဓလေ့ပွဲတော်ဖြစ်သည့်“လှေပြိုင်ပွဲ”ကို ကျင်းပကြပေသည်။ ရှေးခေတ်လှေပြိုင်ပွဲများတွင် ဘုရင်မင်းမြတ်ကိုယ်တိုင် လာရောက်ရှုစားသကဲ့သို့ ဆုလာဘ်တော်များလည်း ချီးမြှင့်လေ့ရှိပေသည်။ တော်သလင်းလသည် မိုးနှောင်းကာလဖြစ်သောကြောင့် တစ်ခါတစ်ရံ မိုးများသည်းထန်စွာ ရွာသွန်းတတ်ပေသည်။ ထို့ကြောင့် “တော်သလင်းမိုး၊ ကန်သင်းကျိုး” ဟူ၍ဆိုရိုးရှိခဲ့သည်။ ထမင်းဟင်းချက်ရန်ပင် ခက်ခဲသည့် အကြောင်းကို ရှေးစာဆိုတို့က“တော်သလင်း တိမ်ညို၊ စားဖိုသည်ဆင်းရဲ မိုးမစဲ”ဟု ရေးဖွဲ့ခဲ့ကြသည်။ တချို့နှစ်များတွင် “မိုးနှောင်းမကောင်း” သည့်အခါ မိုးရွာသွန်းမှုမရှိဘဲ နေပူရှိန်များတတ်သည်။ ထို့ကြောင့် “တော်သလင်းနေ၊ ပုစွန်သေ”ဟု ဆိုစမှတ်ပြုကြပြန်သည်။

**တော်သလင်းလပြည့်**

မြန်မာတို့၏ ဆယ့်နှစ်လရာသီစက်ဝန်းလည်ပတ်နေသည်နှင့်အမျှ လပြည့်၊ လကွယ်ရက်များသည်လည်း တစ်လှည့်စီ ဖြစ်ပေါ်နေသည်။ လရာသီတိုင်း၏ လပြည့်နေ့တိုင်းတွင် ပွဲတော်များလည်း ပြုလုပ်ကြ၏။ လပြည့်နေ့တိုင်းသည်လည်း အခါတော်နေ့များပင်ဖြစ်ပေသည်။ တော်သလင်းလပြည့်နေ့သည် “ဂရုဓမ္မအခါတော်နေ့”ဖြစ်၏။ တစ်နည်းအားဖြင့်ဆိုသော် ဂရုဓမ္မတရားတော်ဖြစ်သော အလေးအမြတ်ထားသင့်သည့် တရားကို လိုက်နာကျင့်ကြံကြသောကြောင့် “ဂရုဓမ္မနေ့” သို့မဟုတ် ကုရုတိုင်းသူပြည်သားတို့ စောင့်ထိန်းသောတရားတော်ဖြစ်သောကြောင့် “ကုရုဓမ္မနေ့”ဟုလည်း ခေါ်ဆိုကြသည်။

**ဂရုဓမ္မအခါတော်နေ့**

မြတ်စွာဘုရားအလောင်းတော်သည် ကုရုတိုင်း အိန္ဒပဒ္ဒပြည်နယ်တွင် ကောရေဗျမင်းအဖြစ် စိုးစံတော်မူ၏။ ကာသိတိုင်း ဒန္တမာလပြည်နယ်တွင်လည်း အခြားမင်းတစ်ပါး စိုးစံတော်မူသည်။ ထိုကာသိတိုင်းတွင် မိုးခေါင်သောကြောင့် ကောက်ပဲသီးနှံများ မဖြစ်ထွန်း၊ ဆန်ရေစပါး ရှားပါးကုန်၏။ စားစရာ ရှားပါးသဖြင့် အငတ်ဘေး၊ ရောဂါဘေးကပ်ဆိုက်ရောက်တော့သည်။ ထိုအခါ တိုင်းသူပြည်သားတို့က အော်ဟစ်ဆန္ဒပြလျက် ဘုရင့်နန်းတော်အဝသို့ ရောက်ခဲ့ကြ၏။ တိုင်းပြည်၏ အရေးသည် ရှင်ဘုရင်၏ အရေးဟုသာ မှတ်ယူထားကြသည်။ ရှင်ဘုရင်ကလည်း မိမိထက်အသက်ကြီးသော မှူးကြီးမတ်ရာများကိုခေါ်၍ အဘယ်သို့ ပြုလုပ်ရမည်ကို မေးမြန်း ၏။

> ❂ **စာရေးသူတို့ ဗုဒ္ဓဘာသာလူမျိုးတိုင်း သီလမြဲမြံရန် အလွန်အရေးကြီး ပါသည်။ ငါးပါးသီလ အားလုံးကို မြဲမြံရမည်ဟု မဆိုလိုပေ။ ဗုဒ္ဓဘာသာဝင်တိုင်း ဩကာသကန်တော့ချိုးနှင့် ပူဇော်၍ ငါးပါး သီလကို နေ့စဉ်ရွတ်ဆိုကြပေလိမ့်မည်။ မိရိုးဖလာ အဖြစ်သော် လည်းကောင်း၊ လာဘ်လာဘ မျှော်ကိုး၍သော်လည်းကောင်း၊ ဘေးအန္တရာယ် ကင်းရှင်းရန်အတွက်သော်လည်းကောင်း အမျိုးမျိုး ရှိကြပေမည်။ သို့သော် မိမိ၏နှုတ်မှရွတ်ဆို၍ မြတ်စွာဘုရားထံ တိုင်တည်ခဲ့သော သီလငါးပါးထဲမှ အနည်းဆုံး တစ်ပါးပါးကို လုံခြုံအောင် ထိန်းသိမ်းသင့်ပေသည်**

“အရှင်မင်းကြီး၊ တိုင်းပြည်တွင် မိုးရွာစေရန်အတွက် မင်းကြီးက အဓိဋ္ဌာန်ပြု၍ ကောင်းမှုဒါနပြုပါ”ဟု လျှောက်တင်ကြသည်။ မင်းကြီးလည်း အလှူမဏ္ဍပ်တည်ဆောက်၍ ဒါနပြု၏။ သို့ပေမယ့် မိုးကားမရွာသွန်းခဲ့ချေ။ မှူးကြီးမတ်ရာတို့လည်း “အရှင်မင်းကြီး၊ ဤတိုင်းပြည်၌ မိုးရွာသွန်းရန်အတွက် သီလဆောက်တည်ပါဘုရား” ဟု လျှောက်တင်ပြန်၏။ မင်းကြီးလည်း ခုနစ်ရက်တိုင်တိုင် ဥပုသ်သီလစောင့်ထိန်းလေ၏။ သို့သော်လည်း မိုးကားရွာသွန်းခြင်း မရှိပြန်ပေ။ မှူးကြီးမတ်ရာတို့က နောက်တစ်မျိုး လျှောက်တင်ကြပြန်သည်။ “ အရှင်မင်းကြီး၊ တင့်တယ်သော ဖဲမွေ့ရာတွင် မအိပ်ဘဲ မြက်ခင်းမှာသာ ခုနစ်ရက်အဓိဋ္ဌာန်ပြု၍အိပ်ပါ” ဟု ဆို၏။ မင်းကြီးလည်း မြက်ဖျာပေါ်တွင် ခုနစ်ရက် အဓိဋ္ဌာန်ပြု၍ အိပ်စက်၏။ သို့သော် မိုးကား ရွာသွန်းခြင်း မရှိပြန်ပေ။ ထို့ကြောင့် မင်းကြီးလည်း မှူးမတ်များအား ထပ်မံ၍ အကြံတောင်းပြန်၏။ မှူးမတ်များက “အရှင်မင်းကြီး ကုရုတိုင်းမှ မင်းကြီးသည် မြို့၏ အရှေ့၊ အနောက်၊ တောင်မြောက်၊ မြို့အလယ်နှင့် နန်းတော်ထွက် တံခါးဝတို့တွင် မဏ္ဍပ်ကြီးခြောက်ခုပြုလုပ်၍ တစ်နေ့တစ်သိန်းကျဖြင့် ဆယ့်ငါးရက်တိုင်တိုင် အလှူပြု၏၊ ထိုအခါ ဆင်ဖြူတော်သည် ထိုတိုင်းသို့ ရောက်ရှိလာခဲ့ပါသည်။ ထိုဆင်ဖြူတော်ကြောင့် တိုင်းပြည်ဝပြောသာယာခြင်းဖြစ်၏၊ ထိုဆင်ဖြူတော်ကို အလှူခံမှ ဖြစ်မည်”ဟု လျှောက်ထားပြန်သည်။ မင်းကြီးလည်း ဆင်ဖြူတော်ကို သွားရောက်အလှူခံစေ၏။ ဘုရားလောင်း ကောရေဗျမင်းက ဆင်ဖြူတော်အား ရွှေခရားနှင့် ပန်းရောထည့်ကာ ရေစက်ချလှူဒါန်းပေးလိုက်သည်။ ဆင်ဖြူတော် ရောက်ရှိသော်လည်း မိုးကားမရွာသွန်းချေ။ ထိုအခါ မင်းကြီးက မှူးမတ်များအား ကုရုတိုင်းသို့ စေလွှတ်၍ တိုင်းသူပြည်သားများ မည်သို့နေထိုင်ပြုမူကြသည်ကို စစ်တမ်းကောက်ယူစေသည်။ ဤသို့ဖြင့် ဘုရားလောင်းကောရေဗျမင်း၊ မိဖုရား၊ ဝန်မင်းကြီး၊ အမတ်ကြီး၊ ပုဏ္ဏား၊ စစ်သည်ရဲမက်၊ သူဌေးသူကြွယ်၊ သူဆင်းရဲ၊ ဆင်ထိန်းမြင်းထိန်း၊ ပြည့်တန်ဆာမ စသည့် လူတန်းစား ဆယ့်တစ်မျိုးကို စစ်တမ်းကောက်ရာ တစ်ဦးတစ်ယောက်တိုင်း၌ ဆောက်တည်အပ်သော တစ်ပါးသီလမြဲမြံကြ၏။ အားလုံးသော သူတို့ စောင့်ထိန်းသော သီလတော်တို့အား ခြုံငုံ၍ ရွှေပေလွှာနှင့် ရေးသားရာ သူ့အသက်မသတ်ခြင်း၊ သူ့ဥစ္စာမခိုးယူခြင်း၊ သူတစ်ပါးအား လိမ်လည်၍ မပြောဆိုခြင်း၊ သူတစ်ပါးသားမယားကို မပြစ်မှားခြင်း၊ အမှားများစွာကို ဖြစ်စေတတ်သော အရက်သေစာမသောက်စားခြင်းဟူသော သီလငါးပါးသာ ရရှိလေသည်။ ထိုပေလွှာအား ကာသိတိုင်းမှ မင်းကြီးအား ဆက်သရာ တိုင်းသူပြည်သားတို့အား ငါးပါးသီလစောင့်ထိန်းရန် အမိန့်တော်ချမှတ်လိုက်တော့သည်။ ကပ်ဘေးဒုက္ခကို ကြောက်ရွံ့သောကြောင့် ပြည်သူ ပြည်သားအပေါင်းတို့သည် ငါးပါးသီလကို စောင့်ထိန်းကြရာ တိုင်းပြည်သည် သာယာဝပြော၍ ကပ်ဘေးအန္တရာယ်လည်း ကင်းလွတ်လေတော့သည်။

ထို့ကြောင့် ငါးပါးသီလ အကျင့်မြတ်ကို ဘုရားလောင်းကောရေဗျမင်းမှ ရွှေပေလွှာဖြင့် ရေးသား၍ ပေးလိုက်သော တော်သလင်းလပြည့်နေ့ကို“ဂရုဓမ္မနေ့” သို့မဟုတ် ကုရုတိုင်းကို ကိုယ်စားပြု၍ “ ကုရုဓမ္မနေ့”ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။

**တစ်ပါးသီလမျှစောင့်တည်ပါ**

စာရေးသူတို့ ဗုဒ္ဓဘာသာလူမျိုးတိုင်း သီလမြဲမြံရန် အလွန်အရေးကြီးပါသည်။ ငါးပါးသီလအားလုံးကို မြဲမြံရမည်ဟု မဆိုလိုပေ။ ဗုဒ္ဓဘာသာဝင်တိုင်း ဩကာသကန်တော့ချိုးနှင့် ပူဇော်၍ ငါးပါးသီလကို နေ့စဉ်ရွတ်ဆိုကြပေလိမ့်မည်။ မိရိုးဖလာအဖြစ်သော်လည်းကောင်း၊ လာဘ်လာဘမျှော်ကိုး၍သော်လည်းကောင်း၊ ဘေးအန္တရာယ်ကင်းရှင်းရန်အတွက်သော်လည်းကောင်း အမျိုးမျိုး ရှိကြပေမည်။ သို့သော် မိမိ၏နှုတ်မှရွတ်ဆို၍ မြတ်စွာဘုရားထံ တိုင်တည်ခဲ့သော သီလငါးပါးထဲမှ အနည်းဆုံး တစ်ပါးပါးကို လုံခြုံအောင် ထိန်းသိမ်းသင့်ပေသည်။

လူတိုင်း လူတိုင်း မိမိထိန်းသိမ်းနိုင်သော သီလတစ်ပါးကို မြဲမြံအောင် စောင့်ထိန်းပါက တစ်ပါးသီလအတွက်ကျရောက်မည့် ဘေးအန္တရာယ် ရှိတော့မည် မဟုတ်ချေ။ တစ်ဦးတစ်ယောက်မှစ၍ လူတိုင်းနီးပါး တစ်ပါးတည်းဟူသော သီလကို စောင့်ထိန်းခြင်းအားဖြင့် စာရေးသူတို့အတွက် ကပ်ဘေးဆိုသည်ကို တွေးကြောက်နေစရာလိုတော့မည် မဟုတ်ချေ။ ကပ်ဘေးသည် ဝေးနိုင်သမျှဝေးအောင် ရှောင်ပြေးသွားမည်သာဖြစ်၏။ ငွေနှင့်မဝယ်ရတိုင်း အလကားရနေသော အကုသိုလ်ကို ရှောင်ရှားခြင်းဖြင့် တစ်ပါးသီလမျှသာ စောင့်ထိန်းနိုင်ရန်ကြိုးစားသင့်ပေသည်။ သို့မှသာ သာသနာရောင်ဝါ ထွန်းလင်း၍ ငြိမ်းချမ်းသော ရွှေမြန်မာပြည်အဖြစ် ရပ်တည်နိုင်မည်မှာ မလွဲကေန်ပင် ဖြစ်ပေတော့မည်။ ။

# လူငယ်လူရွယ်များ အတွေးအခေါ်အယူအဆ မှန်ကန်အောင် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းအသိပညာပေး

**ကျောင်းကုန်း စက်တင်ဘာ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့ မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ပန်းတနော်မြို့နယ်နှင့် ညောင်တုန်းမြို့နယ်တို့မှ ဦးစီးမှူးများအား တွေ့ဆုံသည်။ ထို့နောက် ကျိုက်လတ်မြို့နယ်ရုံး ညနေပိုင်းတွင် ဖျာပုံခရိုင် ပြန်/ဆက် ရုံး၌ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒေးဒရဲမြို့နယ် ဦးစီးမှူးတို့အား တွေ့ဆုံကာ ပြန်/ဆက် ရုံးများကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့ နံနက်ပိုင်းတွင် ဘိုကလေးမြို့နယ်ရုံး မော်လမြိုင်ကျွန်းမြို့နယ် ရုံးတို့အား ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ဝါးခယ်မမြို့နယ်ရုံး၊ အိမ်မဲမြို့နယ်ရုံးနှင့် ကျောင်းကုန်းမြို့နယ်ရုံး၊ ညနေပိုင်းတွင် ဓနုဖြူမြို့နယ်ရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကျဆင်းသော်လည်း ကူးစက်မှုများရှိနေဆဲဖြစ်၍ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားချက်များနှင့် အညီ နေထိုင်ရေး၊ အတွေးအခေါ်အယူအဆ မှန်ကန်စွာဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာ ကျေပွန်စွာတာဝန်ထမ်းဆောင်ရေး၊ လူငယ်လူရွယ်များကို အတွေးအခေါ်အယူအဆ မှန်ကန်အောင် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းအသိပညာပေးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရေး မှာကြားသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ဘိုကလေးမြို့ရှိ ထပ်ဆင့်လွှင့်စက်ရုံနှင့် ကျောင်းကုန်းမြို့ ထပ်ဆင့်လွှင့်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး စက်များ ကြံ့ခိုင်ရေးနှင့် ပျက်စီးမှု မရှိစေရေး၊ လုံခြုံရေး ဂရုစိုက် ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ နိုင်ငံတကာသတင်းမီဒီယာကောင်စီများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများရှင်းလင်း

**ရန်ကုန် စက်တင်ဘာ ၄**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ တတိယသက်တမ်းကာလအတွင်း နိုင်ငံတကာသတင်းမီဒီယာကောင်စီများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများ ပြန်လည်ရှင်းလင်းပွဲအခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကောင်စီဝင်များ သတင်းဌာနများမှ အယ်ဒီတာများ၊ သတင်းထောက်များ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့သည်။



ရှေးဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က(ယာပုံ) အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မိမိတို့၏ တတိယအကြိမ်သက်တမ်းကာလမှာ ယခုအခါကိုး လခန့်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ အဆိုပါကာလမှာ သတင်းမီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းသမားများ အရည်အသွေးမြှင့်တင်နိုင်ရေးတို့အတွက် သင်တန်းများဖွင့်လှစ်ပေးခြင်း၊ အနယ်နယ်အရပ်ရပ်ရှိ သတင်းမီဒီယာသမားများနှင့် ထိတွေ့ဟောပြောဆွေးနွေးခြင်း၊ ကျောင်းသားလူငယ်များ သတင်းအတု သတင်းအမှားများကို အမှန်အတိုင်းသိရှိနိုင်စေရေးတို့အတွက် တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်းများသို့လည်း သွားရောက်ဆွေးနွေးပညာပေးဟောပြောခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ယနေ့ကာလတွင် နိုင်ငံအတွင်းကြားသိမြင်တွေ့နေရသည့် စိတ်မချမ်းမသာဖွယ်ရာ ဖြစ်ရပ်အချို့မှာ သတင်းအတု သတင်းအမှားများအပေါ် အခြေခံ၍ ပေါ်ပေါက်လာခြင်းဖြစ်သည်ကို အားလုံးသုံးသပ် သိရှိနိုင်ပါကြောင်း၊ ထို့ကြောင့် သတင်းအတုသတင်းအမှားများချေဖျက်ရေး၊ သတင်းအမှန်များကိုသာ ပြည်သူလူထုထံသို့ ရောက်ရှိစေရေး၊ သတင်းမီဒီယာသမားများ၊ သတင်းဌာနများက ဆောင်ရွက်ရန်လိုပါကြောင်း။

ထိုသို့ ဆောင်ရွက်နိုင်ရေးကို နိုင်ငံတကာအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် အားထုတ်ရမည်ဖြစ်ပါကြောင်းနှင့် မိမိတို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် အာဆီယံဒေသအတွင်း နိုင်ငံများရှိ သတင်းမီဒီယာကောင်စီများ၊ အခြားကမ္ဘာ့သတင်းမီဒီယာကောင်စီများနှင့်လည်း မကြာခဏဆွေးနွေးခြင်းနှင့် သတင်းဖလှယ်ခြင်းများပြုလုပ်ခဲ့ကြောင်းနှင့် သတင်းမီဒီယာသမားတိုင်းသည် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားအစီအစဉ်အရ ၂၀၂၂ ခုနှစ် မေ ၂ ရက်မှ ၈ ရက်အထိ ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ နိုင်ငံပေါင်း ၂၃ နိုင်ငံ (ကင်ညာ၊ နီပေါ၊ ဆိုက်ပရပ်စ်၊ ဇင်ဘာဘွေ၊ အဇာဘိုင်ဂျန်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အီရတ် (အရှေ့အလယ်ပိုင်း)၊ ကိုဆိုဗို၊ မာစီဒိုနီယန်၊ မြန်မာ၊ မာလာဝီ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ဆွစ်ဇာလန်၊ တန်ဇန်နီးယား၊ တူကီယဲ၊ ယူဂန်ဒါ၊ ဇမ်ဘီယာ၊ မော်လ်ဒိုက်၊ အာဖဂန်နစ္စတန်၊ ဆေးရှဲလ်၊ ဘူတန်) တို့ တက်ရောက်ခဲ့သော ကမ္ဘာ့သတင်းမီဒီယာကောင်စီ (World Association of Press Councils) အစည်းအဝေး၊ ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့အခမ်းအနားများနှင့် ပတ်သက်သည့် အတွေ့အကြုံများ ရှင်းလင်းဆွေးနွေးခဲ့ပုံများကို ကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်က လည်းကောင်း၊ ဩဂုတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် တီမောလက်စ်နိုင်ငံ၌ နိုင်ငံ ၅ နိုင်ငံ (တီမောလက်စ်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ မြန်မာ) နှင့် ယူနီဆက်ကိုယ်စားလှယ်တို့ တက်ရောက်ခဲ့သော Dili Dialogue Forum တွင် ရှင်းလင်း တင်ပြခဲ့ပုံများ၊ တက်ရောက်လာသည့် နိုင်ငံများ၏ စိတ်ဝင်တစား မေးမြန်းမှတ်ချက်ပြုကြပုံများကို နိုင်ငံတကာဆက်ဆံရေးကော်မတီ အတွင်းရေးမှူး ဦးအေးချမ်းကလည်းကောင်း ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာကြသည့် စာနယ်ဇင်းများမှ သိရှိလိုသည်များကိုမေးမြန်းကြရာ မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

“ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိဖြစ်ပျက်နေတဲ့ နိုင်ငံရေးအခင်းအကျင်းနဲ့ ပတ်သက်ပြီးနိုင်ငံတကာ သတင်းဖြန့်ချိမှုတွေမှာ လွဲချော်နေတာတွေရှိတယ်။ ဒီသတင်းတွေ ဟုတ်သလား၊ မဟုတ်သလားစသဖြင့် မေးကြတဲ့အခါမှာလည်း ဒီဆွေးနွေးပွဲတွေမှာ အတတ်နိုင်ဆုံး အမှန်ကိုရှင်းပြပေးနိုင်ခဲ့တဲ့အတွက် အတိုင်းအတာတစ်ခုအထိ မိမိနိုင်ငံနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို ကမ္ဘာ့နိုင်ငံများထံ သတင်းအမှန်ကို သိအောင်ချပြပေးနိုင်ခဲ့ပါတယ်။ အချို့သော နိုင်ငံများဟာ မိမိတို့နိုင်ငံသည်သာ ပထမ (Our Country First) ဆိုတဲ့ မူဝါဒကို ကိုင်စွဲကျင့်သုံးကြပါတယ်။ ကိုယ့်နိုင်ငံကိုယ်ဦးစားပေး ရှေ့တန်းတင်တာ ပြဿနာမရှိပေမယ့် Other Country Last ဆိုတဲ့ မူဝါဒနဲ့ သူတစ်ပါးနိုင်ငံကို နောက်ဆုံး ရောက်အောင် သတင်းတုသတင်းမှားများနဲ့ ဖန်တီးပုံဖော်လာရင်တော့ ကျွန်တော်တို့က လက်ခံလို့ မရပါဘူး။ ထိုက်သင့်သလို တုံ့ပြန်ပြီးကျေပျက်အောင် ချေဖျက်ရမှာဖြစ်ပါတယ်။”

“သတင်းမီဒီယာကောင်စီရဲ့ လုပ်ပိုင်ခွင့်ဟာ သတင်းမီဒီယာဥပဒေမှာ ရှိပြီးသားဖြစ်ပါတယ်။ စောင့်ထိန်းရမယ့် ကျင့်ဝတ်တွေလည်း ပြဋ္ဌာန်းထားတယ်။ ကျင့်ဝတ်နဲ့အညီ ညီညွတ်စွာဆောင်ရွက်တဲ့ သတင်းသမားတွေရဲ့ကိစ္စတွေကိုလည်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေနဲ့ အတတ်နိုင်ဆုံး ကူညီ ဖြေရှင်းပေးတာရှိပါတယ်” ဟု မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူ-မောင်နိုင်မိုး) က နိုင်ငံတကာသတင်းမီဒီယာကောင်စီတွင် ဆွေးနွေးမေးမြန်းမှုများနှင့်စပ်လျဉ်း၍ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်ပြောကြားရာတွင် တက်ရောက်လာသူ အားလုံးကို ကျေးဇူးတင်ပါကြောင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာလောကတွင် အလွန်တရာလေးစားထိုက်သည့် သတင်းမီဒီယာသမားကြီးများ များစွာပေါ်ထွန်းခဲ့ပါကြောင်း၊ ထိုသို့ အများလေးစားကြရန်မှာ သတင်းမီဒီယာသမားတိုင်းသည် သမာသမတ်ကျစွာ ရပ်တည်ခြင်း၊ စတုတ္ထမဏ္ဍိုင်ပီသစွာဖြင့် အမျိုးသားရေးစိတ်ဓာတ် နိုင်ငံချစ်စိတ်ဓာတ် မြင့်မားခြင်းတို့အပေါ် မူတည်ပါကြောင်း၊ ထို့ပြင် မိမိနိုင်ငံ အဝန်းအဝိုင်း တစ်ခုအတွင်းသာမကြည့်ဘဲ နိုင်ငံတကာဖြစ်စဉ်များကိုပါ သုံးသပ်နိုင်ဖို့လိုပါကြောင်း၊ မိမိတို့နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော နိုင်ငံများနှင့် ပတ်သက်၍လည်း သတင်းများရေးသားကြရာတွင် အထူးဂရုပြုဖို့လိုပါကြောင်း၊ နိုင်ငံရေးဆိုင်ရာ အချို့သောကိစ္စရပ်များသည် အလွန်တရာနူးညံ့သော အကဲဆတ်သော ကိစ္စရပ်များဖြစ်ပါကြောင်း၊ ထို့ကြောင့် သတင်းမီဒီယာသမားတိုင်းသည် နိုင်ငံရေးအမြင်မြင့်မားစွာ ထားရှိဖို့လိုပါကြောင်းနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကျင့်ဝတ်များနှင့်အညီ သတင်းရေးသား၊ ရယူ၊ ထုတ်ပြန်ဆောင်ရွက်သည့် သတင်းမီဒီယာသမားများ၊ သတင်းဌာနများအားလိုအပ်သည့် အကူအညီများကို စွမ်းဆောင်ပေးနိုင်သမျှ ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားသည်။

**သတင်းစဉ်**

**ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိဖြစ်ပျက်နေတဲ့ နိုင်ငံရေးအခင်းအကျင်းနဲ့ ပတ်သက်ပြီး နိုင်ငံတကာ သတင်းဖြန့်ချိမှုတွေမှာ လွဲချော်နေတာတွေရှိတယ်။ ဒီသတင်းတွေ ဟုတ်သလား၊ မဟုတ်သလားစသဖြင့် မေးကြတဲ့အခါမှာလည်း ဒီဆွေးနွေးပွဲတွေမှာ အတတ်နိုင်ဆုံး အမှန်ကို ရှင်းပြပေးနိုင်ခဲ့တဲ့အတွက် အတိုင်းအတာတစ်ခုအထိ မိမိနိုင်ငံနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို ကမ္ဘာ့နိုင်ငံများထံ သတင်းအမှန်ကို သိအောင်ချပြပေးနိုင်ခဲ့ပါတယ်။ အချို့သော နိုင်ငံများဟာ မိမိတို့နိုင်ငံသည်သာ ပထမ (Our Country First) ဆိုတဲ့ မူဝါဒကို ကိုင်စွဲ ကျင့်သုံးကြပါတယ်။ ကိုယ့်နိုင်ငံကိုယ်ဦးစားပေး ရှေ့တန်းတင်တာ ပြဿနာမရှိပေမယ့် Other Country Last ဆိုတဲ့ မူဝါဒနဲ့ သူတစ်ပါးနိုင်ငံကို နောက်ဆုံးရောက်အောင် သတင်းတုသတင်းမှားများနဲ့ ဖန်တီးပုံဖော်လာရင်တော့ ကျွန်တော်တို့က လက်ခံလို့ မရပါဘူး။ ထိုက်သင့်သလို တုံ့ပြန်ပြီးကျေပျက်အောင် ချေဖျက်ရမှာဖြစ်ပါတယ်**




# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ The Correct Use of Tenses (ကာလအပိုင်းအခြားများကို မှန်မှန်ကန်ကန်အသုံးပြုခြင်း) နဲ့ပတ်သက်ပြီး Simple Present Tense ရဲ့ အသုံးအနှုန်းတွေ၊ ရှင်းလင်းချက်တွေကို နမူနာဝါကျများနဲ့ ဝေဝေဆာဆာ ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း "Shortest way to talk about environmental issues in English -1" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာ အသုံးများတဲ့ အဓိပ္ပာယ်တူစကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်မှာတော့ The Correct Use of Tenses (ကာလ အပိုင်းအခြားများကို မှန်မှန်ကန်ကန်အသုံးပြုခြင်း) နဲ့ပတ်သက်ပြီး Simple Present Tense ရဲ့ အသုံးအနှုန်းတွေ၊ ရှင်းလင်းချက်တွေကို နမူနာဝါကျများနဲ့ ဝေဝေဆာဆာ ဖော်ပြလိုက်ပါတယ်။

✓ မျက်မှောက်ကာလပြုလုပ်ချက်ကို သာမန်ဖော်ပြခြင်း၊ အမြဲမှန်ကန်ချက်ကို ဖော်ပြခြင်း။ အချက်အလက်ကိုဖော်ပြခြင်း။ ထပ်ကာထပ်ကာဖြစ်ခြင်း။ ယေဘုယျမှန်ကန်ချက်ကို ဖော်ပြခြင်း။

Example:

- I know Thiri. She is my classmate.
- Come here Hla Moe. Tell me what you see.
- Do ducks swim? Yes, ducks swim.
- Nurses look after patients in hospital.
- I usually go away at weekends.
- The earth goes round the sun.
- The sun rises in the east.
- Honey is sweet.
- Fortune favours the brave.

✓ လုပ်လေ့လုပ်ထရှိ၊ ဖြစ်လေ့ဖြစ်ထရှိသည့် အလေ့အထသဘာဝကို ဖော်ပြခြင်း။

Example:

- He drinks coffee every morning.
- They often play football.
- I get up early every morning. I brush my teeth and take a bath. I study my lessons for two hours. I take my breakfast and go to school.
- My watch keeps good time.




- How often do you go to the dentist?
- Robert usually goes away two or three times a year.

✓ မျက်မှောက်တွင် အမှန်တကယ်ဖြစ်နေသည့် အကြောင်းခြင်းရာတို့ကို ဖော်ပြရာ၌ here နှင့် there တို့ဖြင့်စသည့် အာမေဋိတ်ဝါကျများတွင်အသုံးပြုခြင်း။

Example:

- Here comes the bus!
- There she goes!
- Look! There's Chris.
- Here's your key.

✓ သတ်မှတ်ထားသည့်အချိန်ဇယား သို့မဟုတ် သတ်မှတ်ထားသည့် အစီအစဉ်အစိတ်အပိုင်းအဖြစ် အနာဂတ်ဖြစ်စဉ်များကို ဖော်ပြရာတွင် အသုံးပြုခြင်း (သို့မဟုတ်) ကြိုတင်သတ်မှတ်ထားသော အနာဂတ်အစီအစဉ်၊ လုပ်ဆောင်ချက်။

Example:

- The next flight is at 7.00 tomorrow morning.
- The match starts at 9 o'clock.
- The train leaves at 5.20.
- When does the coffee house reopen?
- The movie begins at four o'clock.
- The plane takes off at noon.

✓ ကိုးကားချက်များကို ပြောဆိုရာတွင်လည်းကောင်း။ သို့မဟုတ် တိုက်ရိုက်ပြောစကားများကို ဖော်ပြရာတွင်လည်းကောင်း။

Example:

- Keat says, 'A thing of beauty is a joy for ever.'

✓ when၊ before၊ while၊ after၊ until or till၊ if နောက် အနာဂတ်သဘောကိုဆောင်သော အချိန်ပြဝါကျပိုင်းနှင့် အခြေအနေပြဝါကျပိုင်းများကို ဖော်ပြရာတွင်လည်းကောင်း

Example:

- I shall wait till you finish your lunch.
- If it rains we shall get wet.
- Please close the window before you go out.
- Julia is going to live in our flat while we are away.
- I'll stay here until you come back.

✓ အားကစားအစီအစဉ်များကို တိုက်ရိုက်ထုတ်လွှင့် အစီရင်ခံဖော်ပြပြောဆိုရာတွင်လည်းကောင်း၊ ဇာတ်ကြောင်းများ ပြန်ပြောရာတွင်လည်းကောင်း။

Example:

- Caesar comes out of the senate and leaves for home.
- Ahmad passes the ball to Rehan.
- Rehan comes forward and hits the ball out of the stadium.
- Hamlet suspends his intention of killing Claudius.
- Hamlet takes out his sword and stabs Laertes.

## VOCABULARY (SYNONYMS)

1. lean = thin (ကျစ်လျစ်သော၊ အဆီနည်းသော၊ ပိန်သော)
2. loathe = hate (ရွံရှာသည်။ စက်ဆုပ်သည်)
3. lofty = high (မြင့်သော)
4. loving = affectionate (ကြင်နာယုယသော)
5. loyal = true (သစ္စာရှိသော၊ ဖြောင့်မှန်သော)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about environmental issues in English–1

**ဒီတစ်ပတ်မှာတော့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအကြောင်း ပြောဆိုတဲ့နေရာမှာ ပထမဆုံး air pollution (လေထုညစ်ညမ်းမှု)အကြောင်း ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about environmental issues–1" ဆိုပြီး ဖော်ပြလိုက်ပါတယ်။**

**It's such a beautiful day!**

၁။ လှပတဲ့နေ့တစ်နေ့ပဲလို့ ပြောချင်ရင်တော့ It's such a beautiful day. လို့ပြောနိုင်ပါတယ်။ ဒီနေရာမှာ ဒီပုံစံလေးကိုမှတ်ပြီး တခြားစကားလုံးတွေကို အစားသွင်းပြီး ပုံစံတူ လေ့ကျင့်ပြောလို့ရပါတယ်။ ဥပမာ– such + a/an + adj + Noun (that + Sub + Verb)

- It's such a wonderful day!
- It's such a great day!
- It's such a sunny day!

အဲဒီလိုမှမဟုတ်လည်း Sub ပြောင်းပြီး တခြားအဓိပ္ပာယ်ရအောင်လည်း သုံးနိုင်ပါတယ်။ ဥပမာ–

- He is such a clever student.
- She is such a beautiful lady …

**The air quality is really bad.**

၂။ လေထုအရည်အသွေးက တကယ့်ကိုဆိုးတယ်လို့ ပြောချင်ရင်တော့ The air quality is really bad ဆိုပြီးပြောနိုင်ပါတယ်။ ဥပမာ–

- The air quality is really bad.

**Language Focus**

The air quality ရဲ့နောက်မှာ Verb to be နဲ့ တခြား Adjectives တွေ ထည့်ပြီးတော့လည်း ပြောနိုင်ပါတယ်။

The air quality + Verb to be + Adjective (for)

The air quality + Verb to be + D2 than + Sub + Verb

ဥပမာ –

- The air quality is terrible.
- The air quality is better than it was ten years ago.
- The air quality is great for such a large city.

**It used to be terrible.**

၃။ အရင်က ဖြစ်ခဲ့ဖူးတယ်။ အတိတ်မှာဖြစ်ခဲ့ဖူးတယ်ဆိုရင်တော့ used to နဲ့ သုံးနိုင်ပါတယ်။ အတိတ်မှာတုန်းက သို့မဟုတ် အရင်က ဆိုးဆိုးရွားရွားဖြစ်ခဲ့တယ် ဆိုပြီးပြောရင်တော့ –

- It used to be terrible.

**Language Focus**

used to + Vinf

used to smoke (အရင်ကသောက်ခဲ့၊ အခုတော့ မသောက်တော့)

used to become addicted to drugs/alcohol/tobacco (အရင်က ဆေးစွဲခဲ့တယ်။ အခုတော့ မဟုတ်တော့)

**restrictions on …**

၃။ တစ်ခုခုကို ကန့်သတ်တယ်ဆိုရင် restrictions on ဆိုပြီးသုံးနိုင်ပါတယ်။ ဥပမာ

- They introduced restrictions on driving in the city centre.

**Conversation**

**It's such a beautiful day!**

Jina: Wow! It's such a beautiful day! The sky is so blue.

Olivia: I guess. It's been nice all summer, so I don't notice it as much. Maybe I'm getting spoiled!

Jina: I wasn't expecting it to be like this! My dad came here a few years ago and he said the air quality was really bad.

Olivia: He's not wrong. It used to be terrible. In summer, you'd often get thick smog covering the whole city, but it's improved greatly in the last decade or so.

Jina: What changed?

Olivia: I think it was driven by people's attitudes. Ten years ago, no one was interested in environmental issues, but nowadays there's much more awareness of things like air quality and how it can affect your health.

Jina: Sure, but that can't be the only reason.

Olivia: Well, no. The local government also brought in new laws and regulations. They introduced restrictions on driving in the city centre, made it illegal to use wood or coal fire for heating, and moved a lot of heavy industry away from the city. Plus, there are much tighter regulations nationally, too, like with car emissions: compared to even ten years ago, cars are much cleaner.

Jina: It's impressive that they could make such a big change in a short time. Ten years isn't long for these things.

Olivia: True, but there's still more to do. It can still get hazy in winter. They're investing in public transport infrastructure, though, so I think it'll carry on getting better.

**Answer the questions.**

- What's the air quality like in your city?
- What is your local or national government doing to improve air quality where you live?
- What do you think is the best way to reduce air pollution?

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

## ဖိလစ်ပိုင်သမ္မတ မားကို့စ် အင်ဒိုနီးရှားနိုင်ငံသို့ နိုင်ငံတော်ခရီးစဉ် စတင်သွားရောက်

**မနီလာ စက်တင်ဘာ ၄**

ဖိလစ်ပိုင်သမ္မတ ဖာဒီနန် ရိုမီဒက်ဇ် မားကို့စ်သည် ဇွန် ၃၀ ရက်တွင် သမ္မတတာဝန်ထမ်းဆောင်ပြီးနောက် ၎င်း၏ ပထမဆုံး နိုင်ငံခြားခရီးစဉ်အဖြစ် စက်တင်ဘာ ၄ ရက်တွင် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာခဲ့သည်။

ဖိလစ်ပိုင်သမ္မတ မားကို့စ်သည် အင်ဒိုနီးရှားနိုင်ငံသို့ နိုင်ငံတော်ခရီးစဉ် သုံးရက်ကြာသွားရောက်ပြီးလျှင် စင်ကာပူနိုင်ငံသို့ စက်တင်ဘာ ၆ ရက်မှ ၇ ရက်အထိ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ ၎င်း၏ နိုင်ငံတော်ခရီးစဉ်သည် အိမ်နီးချင်း အာဆီယံ (အရှေ့တောင်အာရှနိုင်ငံများအသင်း)၏ တက်ကြွသောကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆက်ဆံရေး အလားအလာများကို အသုံးချရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဂျကာတာမြို့သို့ မထွက်ခွာမီ မားကို့စ်က အတိုချုပ်ပြောကြားသည်။

ဂျကာတာမြို့တွင် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှား နှစ်နိုင်ငံဆက်ဆံရေးကြား လက်ရှိအခြေအနေနှင့် အနာဂတ်တွင် မြင်တွေ့နိုင်သလိုကမ္ဘာလုံးဆိုင်ရာ ပထဝီနိုင်ငံရေးနှင့်ဆိုင်သည့် ပတ်ဝန်းကျင်ပြောင်းလဲမှုကို အင်ဒိုနီးရှားနိုင်ငံသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတ မားကို့စ်က ပြောကြားသည်။


ဖိလစ်ပိုင်သမ္မတ ဖာဒီနန်ရိုမီဒက်ဇ်မားကို့စ်။

အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံသို့ ၎င်း၏ နိုင်ငံတော်ခရီးစဉ်အတွင်း စီးပွားရေးဆိုင်ရာ သဘောတူညီချက်များ လက်မှတ်ရေးထိုးရန် မျှော်လင့်ကြောင်း ဖိလစ်ပိုင်သမ္မတ မားကို့စ်က ပြောကြားသည်။

**ဆင်ဟွာ**

## ရေဘေးသင့်သူများကို ကူညီထောက်ပံ့သည့်အတွက် တရုတ်နိုင်ငံကို ကျေးဇူးတင်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးပြော

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၄**

ပါကစ္စတန်နိုင်ငံ၏ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့သည့်အတွက် တရုတ်နိုင်ငံကို ကျေးဇူးတင်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ဘယ်လဝယ်ဘီတိုဇာဒါရီက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံရှိ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးအကူအညီအဖြစ် ယွမ် သန်း ၃၀၀(အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၅ သန်းခန့်) ထပ်မံပေးသည့်အတွက် တရုတ်နိုင်ငံခေါင်းဆောင်နှင့် ပြည်သူများကိုလေးလေးနက်နက်ကျေးဇူးတင်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးက စက်တင်ဘာ ၃ ရက်က တွစ်တာတွင် ရေးသားခဲ့သည်။ တရုတ်နိုင်ငံအစိုးရနှင့် ကုမ္ပဏီများသည် နိုင်ငံအတွင်း ပြင်းထန်သောရေကြီးမှုဖြစ်ပေါ်သည့်အချိန်မှစကာ ပါကစ္စတန်နိုင်ငံသို့ ကယ်ဆယ်ရေးအကူအညီများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံ၌ ဇွန်လလယ်မှစကာ မုတ်သုံမိုးရွာသွန်းခြင်းနှင့် ရေကြီးမှုကြောင့် သေဆုံးသူ ၁၂၉၀ အထိ မြင့်တက်လာပြီး ၁၂၅၈၈ ဦး ဒဏ်ရာရရှိကြောင်း ပါကစ္စတန်နိုင်ငံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က စက်တင်ဘာ ၃ ရက်တွင် ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**


ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ဘယ်လဝယ်ဘီတိုဇာဒါရီ။

## စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၁၃၀၉ ဦး စစ်ဆေးတွေ့ရှိ

**စင်ကာပူ စက်တင်ဘာ ၄**

စင်ကာပူနိုင်ငံ၌ စက်တင်ဘာ ၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၁၃၀၉ ဦး စစ်ဆေးတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၈၄၆၀၉၄ ဦးအထိ ရှိလာပြီ ဖြစ်သည်။




အဆိုပါ ထပ်မံကူးစက်ခံရသူများအနက် ၁၅၈ ဦးသည် ပီစီအာရ်နည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ပြီး ကျန် ၁၁၅၁ ဦးသည် အေအာရ်တီနည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ကြောင်း စင်ကာပူကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကိန်းဂဏန်းအချက်အလက်များအရ သိရသည်။

ပီစီအာရ်နည်းဖြင့် စစ်ဆေးတွေ့ရှိသည့် ၁၅၈ ဦးအနက် ၁၄၇ ဦးသည် ပြည်တွင်းကူးစက်မှုဖြစ်ပြီး ကျန် ၁၁ ဦးသည် ပြည်ပပြန်ကူးစက်မှုဖြစ်သည်။ ထို့အပြင် အေအာရ်တီနည်းဖြင့် စစ်ဆေးတွေ့ရှိသည့် ၁၁၅၁ ဦးအနက် ၁၀၈၉ ဦးသည် ပြည်တွင်းကူးစက်မှုဖြစ်ပြီး ကျန် ၆၂ ဦးသည် ပြည်ပပြန်ကူးစက်မှုဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံ၌ လက်ရှိဆေးရုံတွင် တင်ထားရသူ စုစုပေါင်း ၂၂၇ ဦးရှိပြီး၁၀ ဦးသည် အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရကြောင်း သိရသည်။

**ဆင်ဟွာ**

## အာဖဂန်နစ္စတန်တောင်ပိုင်း ပေါက်ကွဲမှု ဖြစ်ပွား ကလေး သုံးဦး သေဆုံး၊ သုံးဦး ဒဏ်ရာရရှိ

**လတ်ရှ်ကာဂါ့ စက်တင်ဘာ ၄**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဟယ်မန့်ဒ်ပြည်နယ်တွင် နဒ်အလီခရိုင်အတွင်း စက်တင်ဘာ ၃ ရက်က ဖောက်ခွဲရေးပစ္စည်း ကျရောက်မှုကြောင့် ကလေးသုံးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အာမက်ဂျန်က ပြောကြားသည်။

ပေါက်ကွဲမှုကြောင့် သေဆုံးသူများမှာ ဘာသာရေးကျောင်းတစ်ခုမှ ကျောင်းသားများဖြစ်ပြီး အခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို မသိရသေးပေ။

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ဘက် ဟေရတ်ပြည်နယ်တွင် စက်တင်ဘာ ၂ ရက်ကလည်း ပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ နာမည်ကြီးသည့် ဘာသာရေးခေါင်းဆောင်တစ်ဦးအပါအဝင် ၁၈ ဦး သေဆုံးပြီး ၂၃ ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## လစူးစမ်းလေ့လာရေးဒုံးပျံလွှတ်တင်မှု တစ်ပတ်အတွင်း နှစ်ကြိမ်မြောက် နာဆာရွှေ့ဆိုင်း

**လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၄**

လ ပတ်လမ်းထဲသို့ မောင်းသူမဲ့အာကာသယာဉ် သယ်ဆောင်သော မျိုးဆက်သစ်ဒုံးပျံလွှတ်တင်မှုကို ထပ်မံရွှေ့ဆိုင်းလိုက်ပြီးနောက် လိုအပ်သည့် ပြင်ဆင်မှုလုပ်ဆောင်ရန်အတွက် ပြဿနာများ၏ အရင်းခံကို စုံစမ်းစစ်ဆေးမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း အမေရိကန် အာကာသအေဂျင်စီ နာဆာက ပြောသည်။

နာဆာသည် စက်တင်ဘာ ၃ ရက်တွင် လစူးစမ်းလေ့လာရေးဒုံးပျံလွှတ်တင်ရန် ၎င်း၏ နောက်ဆုံးကြိုးပမ်းအားထုတ်မှုကို ဖျက်သိမ်းလိုက်ရခြင်း ဖြစ်သည်။ နာဆာ၏ အဆိုပါလစူးစမ်းလေ့လာရေးဒုံးပျံ လွှတ်တင်မှုအစီအစဉ် ဖျက်သိမ်းလိုက်ရခြင်းသည် တစ်ပတ်အတွင်း ဒုတိယအကြိမ်မြောက်ဖြစ်သည်။ ကနဦးတွင် နာဆာက အဆိုပါ လစူးစမ်းလေ့လာရေးဒုံးပျံကို စက်တင်ဘာ ၅ ရက်တွင် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစင်တာမှ လွှတ်တင်ရန်စီစဉ်ထားခြင်း ဖြစ်သည်။

**ဓာတ်ငွေ့ယိုစိမ့်မှုကြောင့်ဖြစ်**

စက်တင်ဘာ ၃ ရက်တွင် ထိုကဲ့သို့ ဒုံးပျံလွှတ်တင်မှုအစီအစဉ် ဖျက်သိမ်းလိုက်ရခြင်းသည် ဓာတ်ငွေ့ယိုစိမ့်မှုကြောင့်ဖြစ်ကြောင်း အဆိုပါအေဂျင်စီက ပြောသည်။ အေဂျင်စီတာဝန်ရှိသူများသည် ထပ်မံလွှတ်တင်မှုကို အစောဆုံးအဖြစ် ယခုလနှောင်းပိုင်းတွင် ဖြစ်နိုင်ကြောင်း ခန့်မှန်းထားသည်။

ဂျပန်နိုင်ငံနှင့် ဥရောပနိုင်ငံအချို့သည် အမေရိကန်ဦးဆောင်သော အဆိုပါအစီအစဉ်တွင် ပူးပေါင်းပါဝင်ခဲ့ကြကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၉၅ | ၂၄၄၀ | ၂၄၃၅ | ၂၄၀၅ | ၂၄၄၀ | ၂၄၆၅ | ၂၄၅၀ | ၂၄၂၅ | ၂၅၂၀ | ၂၅၃၅ | ၂၄၃၅ | ၂၄၄၀ | ၂၄၇၅ | ၂၄၇၅ | ၂၄၈၀ | ၂၇၀၀ | ၃၁၆၀ |
| 95 Ron | ၂၄၉၅ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၅ | ၂၅၄၀ | ၂၅၆၅ | ၂၅၅၀ | ၂၅၃၀ | ၂၆၂၀ | ၂၆၄၀ | ၂၅၃၅ | ၂၅၅၀ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၀ | ၂၈၀၀ | ၃၂၂၀ |
| HSD (500 ppm) | ၃၀၄၀ | ၃၀၈၅ | ၃၀၈၅ | ၃၀၅၀ | ၃၀၈၅ | ၃၁၁၀ | ၃၁၀၅ | ၃၀၇၀ | ၃၁၈၅ | ၃၁၈၀ | ၃၀၈၀ | ၃၀၉၀ | ၃၁၂၀ | ၃၁၂၅ | ၃၁၂၅ | ၃၃၄၅ | ၃၈၈၀ |
| HSD (50 ppm) | ၃၁၂၅ | ၃၁၇၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၇၀ | ၃၁၉၅ | ၃၁၉၀ | ၃၁၅၅ | ၃၂၇၀ | ၃၂၆၅ | ၃၁၆၅ | ၃၁၇၅ | ၃၂၀၅ | ၃၂၁၀ | ၃၂၁၀ | ၃၄၃၀ | ၃၉၁၅ |
| HSD (10 ppm) | ၃၁၂၅ | ၃၁၇၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၇၀ | ၃၁၉၅ | ၃၁၉၀ | ၃၁၅၅ | ၃၂၇၀ | ၃၂၆၅ | ၃၁၆၅ | ၃၁၇၅ | ၃၂၀၅ | ၃၂၁၀ | ၃၂၁၀ | ၃၄၃၀ | ၃၉၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၈၅ | ၂၃၆၄ |
| 95 Ron | ၂၃၈၄ | ၂၄၆၅ |
| HSD (500 ppm) | ၂၉၁၄ | ၃၀၀၂ |
| HSD (50 ppm) | ၂၉၉၄ | ၃၀၈၄ |
| HSD (10 ppm) | ၂၉၉၄ | ၃၀၈၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## စစ်ကိုင်းတိုင်းဒေသကြီး (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး ၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**စစ်ကိုင်း စက်တင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက် ၈ နာရီက စစ်ကိုင်းမြို့ စစ်ကိုင်းပညာရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကိုယ်စား တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက အမှာစကားပြောကြားရာ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၏ မွန်မြတ်သည့် ဦးတည်ချက်များနှင့်အညီ အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပိုင်းမှာပါ ပြည့်ဝစွာအောင်မြင်ရေး ကြိုးပမ်းကြရာတွင် တိုင်းပြည်နှင့် လူမျိုးကိုချစ်သည့်စိတ်နှင့် တန်ဖိုးမဖြတ်နိုင်သည့် မြန်မာတို့၏ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ကမ္ဘာတည်သရွေ့ အစဉ်ရှင်သန်စည်ပင်ဖွံ့ဖြိုးနေစေရန်၊ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် အထူးလိုအပ်ကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၂၀၁၆ ခုနှစ်ကနေ ငါးနှစ် ကျော်ကြာ ပြည်သူတွေနှင့် ကင်းကွာခဲ့ရပါကြောင်း၊ ယင်းကဲ့သို့ မြန်မာ့ဇာတ်သဘင်နှင့် ဂီတအနုပညာများ၏ ကပြသီဆို ဖျော်ဖြေမှုများနှင့် ဝေးကွာခဲ့ရမှုအပေါ် အနောက်တိုင်း သရုပ်ပျက်ယဉ်ကျေးမှုများက ဝင်ရောက်လွှမ်းမိုးလာသည်ကို မြင်တွေ့ရပါကြောင်း၊ တာဝန်ရှိသူများနှင့် အနုပညာကိုမြတ်နိုးကြသည့် ပညာရှင်များ၊ ဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများက မြန်မာ့ရိုးရာယဉ်ကျေးမှု အမျိုးသားရေး စရိုက်လက္ခဏာများကို ပြည်သူများနှင့်အတူ အစဉ်ရှင်သန်ထွန်းကားနေအောင် နိုင်ငံနှင့်အဝန်း ခမ်းနားသိုက်မြိုက်စည်ကားစွာ ဖော်ဆောင်နေကြသည့်အတွက် မိဘပြည်သူများက ဝမ်းသာပီတိ ဖြစ်နေကြသည်ကို မြင်တွေ့နေရပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးဦးတင်သန်းဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ဆန်း၊ စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မြတ်မြတ်သော်နှင့် ဇေယျာလူမှု ထူးချွန်တတိယအဆင့်၊ နိုင်ငံတော်ရွှေတံဆိပ်



ခြောက်ဆုရ အဆိုပညာရှင် ဒေါ်သန္တာတို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ် ဌာနဆိုင်ရာများ၊ တက္ကသိုလ်နှင့် ကောလိပ်များမှ ပါမောက္ခချုပ်ကြီးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ မြို့မိ/မြို့ဖများနှင့် မိဘပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ အကဲဖြတ်အမှတ်ပေးဒိုင်အဖွဲ့များ၊ ပြိုင်ပွဲဝင် အနုပညာရှင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး(၂၃)ကြိမ်မြောက်အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အဆိုနှင့်အက ပြိုင်ပွဲများကို စစ်ကိုင်းပညာရေး တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ လည်းကောင်း၊ အတီးပြိုင်ပွဲနှင့် အရေး ပြိုင်ပွဲများကို နီလာခန်းမ၌ လည်းကောင်း ကျင်းပရာ ပွဲစဉ်ပေါင်း ၆၉ ပွဲ၊ ပြိုင်ပွဲအမျိုးအစား ၂၃ မျိုးကို တိုင်းဒေသကြီးအတွင်းရှိ အဆို၊ အက၊ ဂီတ၊ အနုသုခုမဝါသနာရှင် စုစုပေါင်း ပြိုင်ပွဲဝင် ၂၅၁ ဦးတို့က ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **စစ်ကိုင်းခရိုင်( ပြန်/ဆက်)**



## အိမ်မဲမြို့နယ်၌ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ် မသုံးစွဲရသောနေ့အဖြစ် သတ်မှတ်

**အိမ်မဲ စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်မြို့မဈေးကြီးနှင့် ကမ်းနားလမ်းရှိ ပျံကျဈေးတို့၌ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ် မသုံးစွဲရသောနေ့အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီခွဲတွင် အသိပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ အသိပညာပေးလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ကိုကိုဦး၏ စီမံမှုဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသန်းဌေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဇော်နှင့်ဝန်ထမ်းများက "ကမ္ဘာမြေကြီး ကျန်းမာဖို့ ပလတ်စတစ်အိတ်ကို ရှောင်ကြဉ်ကြပါစို့" ဆောင်ပုဒ်နှင့်အညီ ပလတ်စတစ်မသုံးစွဲရေး အသိပညာပေးခြင်း၊ ဈေးရောင်းချသူများ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ အစားအသောက်များနှင့် အသုံးအဆောင် ပစ္စည်းများကို ရောင်းချရာတွင် ပလတ်စတစ်အိတ်အစား ကြာဖက်၊ အင်ဖက်၊ ငှက်ပျောရွက်၊ သတင်းစာစက္ကူနှင့် စတီးချိုင့်များကို အစားထိုးအသုံးပြုရန်နှင့် အသိပညာပေးဆိုင်းဘုတ်များကို စိုက်ထူခဲ့ကြောင်း သိရသည်။

အိမ်မဲမြို့နယ် စည်ပင်သာယာရေးကော်မတီအနေဖြင့် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်မသုံးစွဲရသော နေ့အဖြစ် အသိပညာပေးခြင်းကို ယခင်အပတ်ကလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်(အိမ်မဲ)**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၀ အနက် ၆၈ ဦးမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၁ ဒသမ ၀၈ ရာခိုင်နှုန်းရှိ

**(၄-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၆,၄၆၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၀၈) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၀) ဦးအနက် (၂) ဦး၊ (၂.၈၆) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၆၈) ဦး၊ (၉၇.၁၄) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

**ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ**
**(၄-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၂) ဦး | (၂.၈၆) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၆၈) ဦး | (၉၇.၁၄) % |
| **စုစုပေါင်း** | **(၇၀) ဦး** | **(၁၀၀) %** |

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၇၇,၆၃၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၅,၅၅၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၇၉၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁)ဦး ရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၄၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၃-၉-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၃၉၉,၆၀၀) ဦး နှင့် အသက် (၁၈) နှစ်အောက် လူဦးရေ စုစုပေါင်း (၆,၄၃၀,၁၄၆) ဦး တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၃-၉-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၃၉၉,၆၀၀ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၄၃၀,၁၄၆ |

ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဖြစ်ပွားမှု များပြားလျက်ရှိပါသည်။ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးများကို ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းကူးစက်ခံရသူများတွင် တွေ့ရှိနေရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါ ပြည်တွင်း အစုလိုက် ကူးစက်မှုများ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုများအား လျော့ကျစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် –

(က) ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာ ရှိနေခြင်း၊ အများပြည်သူအသုံးပြုသောယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူ ဝင်/ထွက် သွားလာ အသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ သင်တန်းများ၊ ကျောင်းများ၊ ဈေးများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာ အစရှိသော လူစုလူဝေးရှိရာ နေရာများတွင် မဖြစ်မနေတပ်ဆင်ရန်၊

(ခ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်းစသည့် ကိုဗစ်-၁၉ ရောဂါ သံသယ လက္ခဏာတစ်ခုခုရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ရန်လိုအပ်ပြီးပါးစပ်နှင့် နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရန်၊

(ဂ) ရုံးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်သည့် ရုံးဌာနများ၊ လုပ်ငန်းခွင်များအတွက် ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရန်၊

(ဃ) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့် အထက်ရှိသူ အားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလ ၆ လရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ၄ - ၉ - ၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၆၆၁၆၅၀၅ | ၉၂၃၈၉၅၆၇ | ၁၀၇၂၉၃၀ |
| ၂။ | အိန္ဒိယ | ၄၄၄၅၆၅၃၆ | ၄၃၈၇၃၄၃၀ | ၅၂၇၉၉၁ |
| ၃။ | ပြင်သစ် | ၃၄၅၇၉၈၄၃ | ၃၄၀၇၅၂၅၂ | ၁၅၄၁၈၉ |
| ၄။ | ဘရာဇီး | ၃၄၅၁၅၄၃၁ | ၃၃၅၀၂၄၄၇ | ၆၈၄၄၁၄ |
| ၅။ | ဂျာမနီ | ၃၂၂၄၇၈၂၈ | ၃၁၃၇၈၄၀၀ | ၁၄၇၇၆၂ |
| ၆။ | တောင်ကိုရီးယား | ၂၃၅၆၉၁၉၂ | ၂၁၆၅၅၈၀၂ | ၂၇၀၉၃ |
| ၇။ | ဗြိတိန် | ၂၃၅၂၁၇၉၂ | ၂၃၂၂၄၁၁၉ | ၁၈၈၂၄၂ |
| ၈။ | အီတလီ | ၂၁၉၂၅၀၇၃ | ၂၁၁၄၁၀၉၀ | ၁၇၅၈၀၂ |
| ၉။ | ရုရှား | ၁၉၇၂၉၄၂၃ | ၁၈၇၄၆၆၉၈ | ၃၈၄၇၁၁ |
| ၁၀။ | ဂျပန် | ၁၉၃၄၃၅၂၁၂ | ၁၇၆၂၀၂၃၀ | ၄၀၈၂၉ |

## ၄ - ၉ - ၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၁၄၁၈၈၉၄ | ၁၀၂၁၁၅၆၃ | ၄၃၁၂၀ |
| အင်ဒိုနီးရှား | ၆၃၇၂၅၄၂ | ၆၁၇၃၀၈၁ | ၁၅၇၆၄၇ |
| မလေးရှား | ၄၇၈၉၅၂ | ၄၇၂၃၁၂ | ၃၆၂၄၃ |
| ထိုင်း | ၄၆၅၈၅၄၂ | ၄၆၀၉၉၅၆ | ၃၂၄၀၃ |
| ဖိလစ်ပိုင် | ၃၈၉၁၄၁၈ | ၃၈၀၅၃၄၀ | ၆၂၀၁၁ |
| စင်ကာပူ | ၁၈၄၄၇၈၅ | ၁၇၆၇၄၁၅ | ၁၅၉၄ |
| မြန်မာ | ၆၁၅၅၅၉ | ၅၉၃၇၉၄ | ၁၉၄၄၀ |
| ဘရူနိုင်း | ၂၂၀၂၄၅ | ၂၁၉၅၆၁ | ၂၂၅ |
| လာအို | ၂၁၄၄၀၇ | ၂၀၈၃၄၄ | ၇၅၇ |
| ကမ္ဘောဒီးယား | ၁၃၇၆၆၁ | ၁၃၄၄၉၆ | ၃၀၅၆ |

# မြန်မာ့ အဆို အက အရေး အတီးပညာ သို့မဟုတ် မြန်မာ့အနုသုခုမပညာ

◇◇◇◇◇◇◇◇◇ **စန်းနီလာဝင်း** ◇◇◇◇◇◇◇◇◇

**ယဉ်ကျေးမှုဟူသည် လူမျိုး၏ နှလုံးသည်းပွတ်သဖွယ်ဖြစ်သည်။ လူသည် မည်မျှ ခွန်အားဗလ ကောင်းစေကာမူ နှလုံးသည်းပွတ် ချို့ယွင်းပါက အသက်ရှင်သန်နိုင်မည် မဟုတ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံ မည်မျှပင် မြေပေါ်မြေအောက် သယံဇာတပစ္စည်းများ အဆမတန် ကြွယ်ဝနေစေကာမူ မိမိတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်မှု မရှိပါလျှင် လူမျိုးပါ ကွယ်ပျောက်သွားဖွယ် ရှိပါသည်။**

ယဉ်ကျေးမှုဟုဆိုရာ၌ ခေတ်၏အခြေအနေ၊ လူတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ပန်းချီ၊ ပန်းပု လက်မှုအနုပညာလက်ရာများ၊ အဆို၊ အက၊ အတီး၊ အရေးဟူသော အနုသုခုမပညာများ၊ အရေးအသား၊ အတွေးအခေါ်၊ အမြော်အမြင်စသည့် စာရေးရာများနှင့် ရိုးရာဓလေ့ထုံးစံ၊ ဘာသာ အယူဝါဒ ယုံကြည်မှုများအပြင် လူနေမှုပုံစံစသည်တို့ ပါဝင်ကြသည်။ စာပေနှင့် ဆင်ယင်ထုံးဖွဲ့မှု၊ ပန်းချီ၊ ပန်းပု၊ လက်မှု အတတ်ပညာရပ်များသည် အနုပညာဖြစ်၍ အဆို၊ အက၊ အရေး၊ အတီးပညာရပ်တို့မှာ သုခုမ ပညာပင် ဖြစ်ပါသည်။

**ရှုမဝသည့် အနုအလှအယဉ် မြန်မာ့သုခုမသဘင်**

အမိမြန်မာပြည်သည် ရှေးဟောင်းယဉ်ကျေးမှု ခိုင်ခံ့ခဲ့သော နိုင်ငံတစ်နိုင်ငံပင် ဖြစ်သည်။ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်နီးနွယ်မှု ရှိလင့်ကစား နိုင်ငံရေး၊ စီးပွားရေး၊ စစ်မက်ရေး၊ လူမှုဆက်ဆံရေးနှင့် ကိုယ်ပိုင်အနုပညာ စာပေ ဘာသာ ယဉ်ကျေးမှုစာပေစသည်တို့တွင် မြန်မာ့စရိုက်၊ မြန်မာ့မူဟန်၊ မြန်မာ့ကိုယ်ပိုင်ယဉ်ကျေးမှုတို့ဖြင့် ရပ်တည်နေထိုင်ခဲ့သည့် နိုင်ငံပင်ဖြစ်သည်။ တိုင်းတစ်ပါး ယဉ်ကျေးမှုများနှင့် ယှက်နွယ်ခဲ့သော်လည်း မြန်မာမှု၊ မြန်မာ့ဟန် လုံးဝမပျောက်ခဲ့သည်မှာ ထူးခြားလှသော မြန်မာ့ယဉ်ကျေးမှု အမြုတေ လက္ခဏာပင် ဖြစ်သည်။

ခေတ်တစ်ခေတ်၏ ယဉ်ကျေးမှုအနုပညာလက်ရာများသည် တိုင်းပြည်၏ လူနေမှုအဆင့်အတန်းကို ဖော်ထုတ်နိုင်စွမ်းရှိသည်နှင့်အညီ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ကျော်က ထွန်းကားခဲ့သည့် ဗိဿနိုး၊ သရေခေတ္တရာနှင့် ဟန်လင်းစသော ပျူမြို့ပြနိုင်ငံများကို မှီငြမ်း၍ ကြည့်မည်ဆိုပါလျှင် မြန်မာ့ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားခဲ့ပုံကို ခန့်မှန်း၍ သိသာနိုင်ပါသည်။

**မြန်မာ့ အဆို အက အရေး အတီး၏ အစ**

လူ့ယဉ်ကျေးမှု၏အစသည် တေးဂီတနှင့် အကတို့မှပင် ဖြစ်ဟန်ရှိပါသည်။ ပျော်မြူးရွှင်ပျော်သည့်အခါဖြစ်စေ၊ စိတ်အားငယ်ညှိုးနွမ်းသည့်အခါ ဖြစ်စေ၊ စိတ်တက်ကြွသည့်အခါ ဖြစ်စေ ဖွင့်ဆိုထုတ်ဖော်ကြရာမှ တေးဂီတဖြစ်လာဟန် တူပါသည်။ သားကောင်များလိုက်ရင်းဖြစ်စေ၊ စစ်ချီတက်ရင်း ဖြစ်စေ၊ ပျော်ရွှင်ကြသည့်အခါ ဖြစ်စေ ခံစားမှု သရုပ်ဖော်သောအကဟူ၍ ပေါ်ပေါက်လာခဲ့ရသည်။




၂၀၁၆ ခုနှစ်က (၂၂)ကြိမ်မြောက် ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲကို နေပြည်တော်၌ ကျင်းပစဉ်။

တေးဂီတသည် လူ့သမိုင်းဦးကပင် ပေါ်ပေါက်ခဲ့သည်ဖြစ်ရာ စာပေရေးသားမှု မပေါ်ပေါက်မီကပင် ဂီတသံပေါ်ပေါက်လာခဲ့သည်။ ဂီတသံစဉ်ဖြင့် နှုတ်မှရွတ်ဆိုလာခဲ့ကြသည်ဟု ဂီတသုတေသီတို့က လက်ခံထားကြသည်။ မြန်မာ့ဇာတ်သဘင်တေးဂီတသည်လည်း မြန်မာ့သမိုင်းဦးနှင့်ပင် အတူယှဉ်တွဲလာခဲ့သည်။ မြန်မာစာပေသမိုင်းကို စိစစ်ရာ ပုဂံခေတ်မှသာ အစပြုနိုင်သော်လည်း မြန်မာ့ဇာတ်သဘင် သမိုင်း၏အစကို ပျူခေတ်မှပင် စတင်ရပါလိမ့်မည်။

ပျူခေတ်မှ တေးသီချင်းတို့သည် သရေခေတ္တရာခေတ် တေးသီချင်းများ ဖြစ်ပေါ်ရေး၏ အကြောင်းရင်းခံဖြစ်လာသည်။ သရေခေတ္တရာခေတ်၏ တေးသီချင်းများကို အရင်းခံ၍ ပုဂံခေတ် တေးသီချင်းများ ဖြစ်ပေါ်လာခဲ့ရသည်။ ထို့အတူ ပုဂံခေတ်၏ တေးသီချင်းများကို အကြောင်းရင်းခံ၍ ပင်းယ၊ မြင်စိုင်း၊ စစ်ကိုင်း၊ အင်းဝခေတ် တေးသီချင်းများ ဖြစ်ပေါ်လာခဲ့ရသည်။

မြန်မာတိုင်းရင်းသားတို့၏ သီဆိုတီးမှုတ်ကခုန်မှု သုခုမပညာရပ်တို့သည် မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ကျော်မှစ၍ ဆင်းသက်ခဲ့ပြီး ပုဂံခေတ်ဦးကပင် ဗုဒ္ဓဘာသာစာပေ၊ ကျမ်းဂန်၊ ယဉ်ကျေးမှုများရှိလာသဖြင့် ငါးရာ့ငါးဆယ် ဇာတ်တော်များကို ရုပ်တုထုလုပ်ခြင်း၊ နံရံပန်းချီများ ရေးဆွဲခြင်း၊ ကခုန်ဟန်များကို ပုဂံနံရံဆေးရေးပန်းချီများတွင် တွေ့ရှိရခြင်းမှာ ဇာတ်တော်၏ သရုပ်ဖော်ခန်းများကို ကဟန်လှုပ်ရှားဟန်ဖြင့် ဆင်နွှဲပြသရန် လွယ်ကူခဲ့ဟန်တူသည်ဟု မြန်မာစာပေပညာရှင် ဆရာဇော်ဂျီ (ဆရာဦးသိန်းဟန်၊ တက္ကသိုလ်များ စာကြည့်တိုက်မှူးနှင့် မြန်မာ့သမိုင်းကော်မရှင်ဥက္ကဋ္ဌ -(အငြိမ်းစား)က ရသစာပေနိဒါန်း စာအုပ်တွင် မှတ်တမ်းတင်ရေးသားဖော်ပြခဲ့သည်ကို ဂုဏ်ယူဖွယ် လေ့လာတွေ့ရှိရပါသည်။

**မြန်မာ့ရိုးရာအက ပုဂံမှ**

ဆရာဇော်ဂျီကပင် မြန်မာ့ရိုးရာအက ပုဂံမှ စတင်ခဲ့ပုံကို ပုဂံခေတ်က စေတီတန်ဆောင်း၊ ဂူကျောင်းဘုရား၊ အလှူပွဲများ၌ နရည်းတီးလေ့ရှိသည့်အပြင် အရဏ်တက်ဆွမ်းချက်ချိန်၊ ဆွမ်းကပ်ချိန်၊ ဘုရားဝတ်ပြုချိန်များတွင် စည်နရည်းစသောတူရိယာများ တီးမှုတ်လေ့ရှိကြောင်း၊ လှူဒါန်းရေစက်ချရာ၌ စည်းပတ်သားတံပိုးခရာ၊ နရည်းခရာ၊ နောင်နင်းခွက်ခွင်းစသော တူရိယာများနှင့် ယင်းတို့ကို တီးမှုတ်သူ ပန်တျာသည်တို့ ပါဝင်ကြောင်း၊ ထိုစဉ်က ယခင်သီဟိုဠ် (ယခုသီရိလင်္ကာ) နှင့် ပုဂံတို့ နှစ်နိုင်ငံဆက်ဆံရေး ရှိခဲ့ပြီဖြစ်ရာ ဘုရားဂုဏ်တော်များကို ရည်မှန်းပူဇော်သော သီဟိုဠ်အဆို အတီးအကများ ပါရှိလာခဲ့ကြောင်း၊ ပုဂံ အာနန္ဒာဘုရား၏ ပန်းတမော့လက်ရာတစ်ခု၌ ဘုရားနံရံများပေါ်တွင် ဒိုးပတ်တီးသော ဟန်တစ်မျိုးနှင့် အမျိုးသမီးများ စီတန်းသီဆိုကပြနေပုံများကို တွေ့ရှိရကြောင်း၊ အာနန္ဒာဘုရားနံရံမှ ကကြိုး ကဟန်များသည် မျက်မှောက်ခေတ် ယိုးဒယားအကဟု ခေါ်ဝေါ်နေသော ကဟန်တို့နှင့် လွန်စွာ တူလှကြောင်း၊ သို့ရာတွင် ပုဂံအင်ပါယာကြီး ကြီးမားထွန်းတောက်နေချိန်မျိုးတွင် ထိုစဉ်က ယိုးဒယားမှာ နိုင်ငံတည်ငြိမ်အေးချမ်းမှု မရှိသေးကြောင်း၊ ထို့ကြောင့် ယိုးဒယားအကဟု ခေါ်ဆိုနေသော မြန်မာတို့၏ အကများသည် ယိုးဒယားအက မဟုတ်ဘဲ ပုဂံခေတ်မှ ဆင်းသက်လာသော မြန်မာအကပညာအစစ်သာလျှင်ဖြစ်ကြောင်း စသည်ဖြင့် သမိုင်းတင် ဖော်ပြခဲ့ပါသည်။

> **※ ပုဂံ အာနန္ဒာဘုရား၏ ပန်းတမော့လက်ရာတစ်ခု၌ ဘုရားနံရံများပေါ်တွင် ဒိုးပတ်တီးသော ဟန်တစ်မျိုးနှင့် အမျိုးသမီးများ စီတန်းသီဆိုကပြနေပုံများကို တွေ့ရှိရကြောင်း၊ အာနန္ဒာဘုရား နံရံမှ ကကြိုး ကဟန်များသည် မျက်မှောက်ခေတ် ယိုးဒယားအကဟု ခေါ်ဝေါ်နေသော ကဟန်တို့နှင့် လွန်စွာ တူလှကြောင်း၊ သို့ရာတွင် ပုဂံအင်ပါယာကြီး ကြီးမားထွန်းတောက်နေချိန်မျိုးတွင် ထိုစဉ်က ယိုးဒယားမှာ နိုင်ငံတည်ငြိမ်အေးချမ်းမှု မရှိသေးကြောင်း၊ ထို့ကြောင့် ယိုးဒယားအကဟု ခေါ်ဆိုနေသော မြန်မာတို့၏ အကများသည် ယိုးဒယားအက မဟုတ်ဘဲ ပုဂံခေတ်မှ ဆင်းသက်လာသော မြန်မာအကပညာအစစ်သာလျှင်ဖြစ်ကြောင်း စသည်ဖြင့် သမိုင်းတင် ဖော်ပြခဲ့ပါသည်**

မြန်မာစာပေနှင့် သမိုင်းပညာရှင် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဆရာကြီး ဒေါက်တာ ထင်အောင်ကလည်း ပျူအက အဆို အတီး တေးဂီတများကို ထောက်ရှု၍ မြန်မာနိုင်ငံ၌ သဘင်ထွန်းကားနေကြောင်း၊ နန်းတွင်းအငြိမ့်ထိုင်ဆိုများရှိနေကြောင်း သိသာလှပါသည်ဟု သုတေသနပြု ဖော်ထုတ်တင်ပြခဲ့ပါသည်။

**ပန်တျာဟူသော ဝေါဟာရ**

ဤနေရာတွင် ပန်တျာဟူသော ဝေါဟာရ အသုံးအနှုန်းကို ဖော်ပြလိုပါသည်။ တောင်ငူခေတ် နန်းတွင်းစာဆို နဝဒေးကြီး၏ မနော်ဟရီပျို့၌ ပန်ကို ပန်းဟု စပ်ဆိုခဲ့ကြောင်း၊ ပန်ဆိုသည်မှာ လေးစားခြင်း၊ လှပခြင်းဖြစ်၍ တျာဆိုသည်မှာ အသံဟု မှတ်အပ်ကြောင်း၊ ပန်တျာဟူသည်မှာ လေးစားအပ်သော တူရိယာဖြစ်ကြောင်း စသည်ဖြင့် မြန်မာစာပေပညာရှင် ဆရာဟံသာဝတီ ဦးဘရင်က ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။ မြန်မာစာပေပညာရှင် ဆရာဦးဖိုးလတ်၏ မြန်မာစကား အဖွင့်ကျမ်းတွင် "ပန်ဟူသည်မှာ အတတ်ပညာ၊ တျာဟူသည်မှာ တီးမှုတ်ခြင်း၊ ပန်တျာဟူသည်မှာ တီးမှုတ်သီဆိုကပြခြင်း အတတ်ပညာ" ဟု လည်းကောင်း၊ မြန်မာစာပေပညာရှင် ဆရာဦးသော်မြင့်ကလည်း ပုဂံခေတ်တွင် လှည်းဝင်ရိုးသံ တည်ညံ့ စကားအရကျောက်သားပကတိ ခိုင်ခံ့သော အင်္ဂတေနှင့် စေတီများ တည်ထားခဲ့သော ဗိသုကာအနုပညာအဆင့်အတန်းမြင့်မားခဲ့ကြောင်း၊ "ရုပ်သေးအစ၊ ကျိုးသုံးတန်နှင့် ပုဂံက"ဟူသော စကားအရ ကြေး၊ ကြိုး၊ သားရေ၊ လေနှင့် လက်ခုပ်တူရိယာငါးပါးဖြင့် ဘာသာရေးဆိုင်ရာ အခမ်းအနားများ၌ စည်းပတ်သားများ တီးမှုတ်ခဲ့ကြောင်း၊ "စည်သဘင်သည်" ဟူသော ဝေါဟာရမှာ တူရိယာတို့ကို ကြပ်မတ်ဦးဆောင်ရသည့် ပညာရှိဟု လည်းကောင်း၊ အနုသုခုမ အဆို အက အရေး အတီး ပညာများကို "ပန်တျာသည်" ဟု ခေါ်ဝေါ်ခဲ့ကြောင်း မှတ်တမ်းတင် ရေးသားဖော်ပြခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

**လွန်ခဲ့သည့် နှစ်ပေါင်း ၁၂၀ ပြည့်ကတည်းက တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးအရ သွားရောက် တင်ဆက်ခဲ့သည့် ပျူတေးဂီတ အနုသုခုမပညာရှင် အဖွဲ့**

သရေခေတ္တရာ ဧကရာဇ်နိုင်ငံတော်ခေတ်ဖြစ်သော ပျူခေတ်ကပင် ဂီတအနုသုခုမသဘင်ပညာသည် အထွတ်အထိပ်နေရာတွင်ရှိခဲ့ပြီး အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံသို့ သံတမန်ဆက်ဆံရေးအရ ပျူတေးဂီတအနုသုခုမပညာရှင်အဖွဲ့ သွားရောက်တင်ဆက်ခဲ့သည်ကို တရုတ်ထန်မင်းဆက် အုပ်ချုပ်ပုံစာတမ်း၌ ဂုဏ်ယူလေးစားစွာ မှတ်တမ်းတင်ထားခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ထိုစဉ်ကတရုတ်ဘုရင် "တဲကျုန်း"၏ နန်းတွင်း အတွင်းဝန် "ကဗျာစာဆို ပေါ်ကျူယိ" က ဤသို့ ကဗျာရှည်တစ်ပုဒ် ရေးဖွဲ့၍ ဂုဏ်ပြုမှတ်တမ်းတင်ခဲ့သည်။ ထိုတရုတ်နန်းတွင်းဂန္ထဝင်ကဗျာရှည်ကို မြန်မာဘာသာဖြင့် ပြန်ဆိုခဲ့ရာ–

"(၁) ပျူနိုင်ငံဂီတပါတကား၊
(၂) ပင်လယ်ကြီး အနောက်တောင်ဘက်မှ လာရောက်ခဲ့ပါသည်၊
(၃) ယုန်ချန်၏ သားတော်သုနန္ဒသည်၊
(၄) တောင်ပိုင်းနိုင်ငံဂီတကို ဆက်သလာ၍ နှစ်ဦးမင်္ဂလာကန်တော့ပွဲသို့ ရောက်လာပါသည်၊
(၅) တဲကျုန်းက အခမ်းအနားအသွယ်သွယ်ဖြင့် နန်းတော်တွင် စံနေပါသည်၊
(၆) နားနှစ်ဖက်ကို မပိတ်ဘဲ နားထောင်နေပါသည်၊
(၇) ခရုသင်းကို တစ်ချက်မှုတ်လိုက်လျှင် ဦးထိပ်သျှောင်ထုံး လာတုန်ခါ၍၊
(၈) ကြေးဖြင့်ပြီးသော စည်ကြီးကို အချက်ပေါင်းများစွာ တီးခတ်လိုက်လေသော် ထိုးကွင်းထိုးထားသော ကိုယ်လက်အင်္ဂါက လှုပ်ရှားလာသည်၊
(၉) ဦးထိပ်တွင် ပန်ဆင်ထားသော ပုလဲကုံးသို့မဟုတ် ကျောက်မျက်ကုံးသည် တောက်ပြောင်နေ၍ ကြယ်တာရာများ လှုပ်နေဘိသကဲ့သို့ပင်၊
(၁၀) ဆင်ယင်ထားသော ပန်းကုံးများသည်လည်း လှုပ်ရှားလျက် မြွေနဂါးများ တွားသွား လှုပ်ရှားနေဘိသကဲ့သို့၊
(၁၁) ပျူဂီတပညာရှင်များ တေးသီချင်း သီဆိုပြီးသောအခါ မင်းသားကြီးသည် ဘုရင်ဧကရာဇ်အား ဤသို့ သံတော်ဦးတင်သည်၊
(၁၂) ကျွန်တော်မျိုး၏ဖခင် ခမည်းတော်သည် ထန်မင်းဆက်၏ ပိုင်နက်အပြင်ဘက်တွင် ခံစားလိုပါသည်၊
(၁၃) လက်ဝဲလက်ယာ မှူးမတ်ကြီးများက တစ်ခဲနက် ကောင်းချီးသြဘာ ပေးကြ၏၊
(၁၄) ဧကရာဇ်မင်း၏ ဘုန်းတန်ခိုးကြီးမားကျယ်ပြန့်လှသည်တကား၊
(၁၅) များမကြာမီမှာပင် မှူးမတ်ကြီးများသည် ညီလာခံဆောင်တွင် စုရုံးကြလျက်၊
(၁၆) နှိမ်ချွေဝပ်တွားကာ သံတော်ဦး တင်လျှာဆက်၍ ဧကရာဇ်မင်းမြတ်အား မေတ္တာပို့ ကောင်းချီးသြဘာ ပေးကြသည်၊
(၁၇) ပျူနိုင်ငံသားတို့၏ ဂီတအသစ်အဆန်း ဆက်သလာသည်ကို တွေ့မြင်ရှုစားခဲ့ပြီးဖြစ်၍၊
(၁၈) ယင်းအဖြစ်သနစ်ကို သားစဉ်မြေးဆက် မှတ်သားသိရှိနိုင်ကြအောင် ရာဇဝင်မော်ကွန်းတင်ထားပါရန် ပန်ကြားအပ်ပါသည်" ဟု အဓိပ္ပာယ်ရရှိပါသည်။

တရုတ်နန်းတွင်း အတွင်းဝန် ကဗျာကဝိ "ပေါ်ကျူယိ"၏ မော်ကွန်းတင် ဂန္ထဝင်လင်္ကာရှည်ကြီးကို သမိုင်းအမြင်ဖြင့် လေ့လာကြည့်ပါက ရှေးခေတ်ပျူတေးဂီတပညာရှင်အဖွဲ့၏ အဆိုအက အရေး အတီး အနုသုခုမ ပန်တျာ စွမ်းရည်က တရုတ်ဧကရာဇ်နှင့် နန်းတွင်းသူ နန်းတွင်းသားအားလုံး သဘောကျအောင်မြင်စွာ သိမ်းကျုံးစုစည်း လွှမ်းမိုးနိုင်ခဲ့သည်ကို ဂုဏ်ယူ ဝံ့ကြွားဖွယ် တွေ့မြင်ကြရမည် ဖြစ်ပါသည်။

**အမျိုးသားယဉ်ကျေးမှုအဆင့် တည်တံ့မြင့်မားရေးနှင့်အမျိုးသားရေးတာဝန်**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်မှစတင်၍ မြန်မာ့ယဉ်ကျေးမှုအနုသုခုမပညာကို ထိန်းသိမ်းမြှင့်တင်ရေးခံယူချက်ဖြင့် အမျိုးသားယဉ်ကျေးမှု အဆိုအကအရေး အတီးပြိုင်ပွဲများကို အောင်မြင်စွာ စတင်ကျင်းပလာခဲ့ရာ ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် (၂၃)ကြိမ်တိုင်လာခဲ့ပါပြီ။

ပြည်ထောင်စုဖွား မြန်မာတိုင်းရင်းသားတို့၏ အဆို၊ အက၊ အရေး၊ အတီး အနု သုခုမ ပညာရပ်တို့သည် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုအသွင်ဖြင့် ထူးခြားသော အမျိုးသားရေးလက္ခဏာတို့ကို ဖော်ဆောင်လျက်ရှိပါသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် မြန်မာ့အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းရာ၌ အရိုးကို အရွက်မဖုံးရအောင် နိုင်ငံတော်အစိုးရက ဦးဆောင်၍ အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို ဂုဏ်ယူလေးစားအားရဖွယ် မြင်တွေ့ရပါသည်။

အမျိုးသားရေးလက္ခဏာများကို စံထားနိုင်ရေးအတွက် ယဉ်ကျေးမှုကဏ္ဍအလိုက် သက်ဆိုင်ရာ ကျွမ်းကျင်သည့် ပညာရှင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများကို တာဝန်ပေးအပ်နှင်းကာ တိမ်မြုပ်နေသော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ခြင်း၊ ရိုးရာအစစ်အမှန်ဖြစ်အောင် စိစစ်ခြင်းတို့ကို ဆောင်ရွက်ဖော်ဆောင်နေသည်ကိုလည်း အားရဖွယ်တွေ့ရပါသည်။

မြန်မာ့သမိုင်းတစ်လျှောက်မှ ယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ခံယူချက်ဖြင့် မျိုးဆက်သစ်များကို လက်ဆင့်ကမ်းအမွေပေးရေးတာဝန်မှာ နိုင်ငံတော်အစိုးရသာမက မျိုးချစ်စိတ်ရှိကြသည့် မြန်မာနိုင်ငံသူ နိုင်ငံသားတိုင်း အမျိုးသားရေးတာဝန်ကိုယ်စီ ရှိနေကြပါသည်။ မြန်မာတို့၏ မိမိကိုယ်ပိုင် အမျိုးသားယဉ်ကျေးမှုကို ဂုဏ်ယူရကောင်းမှန်း၊ ထိန်းသိမ်းစောင့်ရှောက်ရကောင်းမှန်းမသိပါက ဇာတိဂုဏ်၊ အမျိုးဂုဏ်တို့ကို နားမလည်ပါက မိမိအမျိုးကို အထင်သေးပြီး တိုင်းတစ်ပါးသားတို့ကို တစ်ဖက်သတ် အထင်ကြီး အားကိုးသူများဖြစ်လာမှာ သေချာသည်။

ဤနေရာတွင် တိုက်ဆိုင်၍ လွန်ခဲ့သည့် ၁၉၈၁ ခုနှစ်က စာနယ်ဇင်းဌာနတွင် စာရေးသူ တာဝန်ထမ်းဆောင်ခဲ့စဉ်က ဝါသနာရှင် စာနယ်ဇင်းဝန်ထမ်းများကို ညနေပိုင်း ပန်တျာကျောင်းသို့စေလွှတ်ပြီး အဆို၊ အက၊ အရေး၊ အတီး ပညာတို့ကို သင်ကြားလေ့ကျင့်စေခဲ့ပါသည်။ လေ့ကျင့်သားရလာသည့် ဝန်ထမ်းများအား မဟာဂီတ၊ ခေတ်ဟောင်း၊ အနှစ်နှစ်ဆယ်၊ ကာလပေါ် တေးသီချင်းဟူ၍ လေးမျိုးခွဲခြားကာ အဆိုပြိုင်ပွဲများကို ကျင်းပပေးခဲ့သည်။ ထိုပြိုင်ပွဲများတွင် အကဲဖြတ်ဂီတပညာရှင်များအဖြစ် ရန်ကုန်ပညာရေးတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဒုတိယဗိုလ်မှူးကြီးအငြိမ်းစား ဦးစံမြင့် (ကွယ်လွန်)၊ ဆိုင်းပညာရှင်သုတေသီ ဆရာဦးစိန်ဗိုလ်တင့် (ကွယ်လွန်)၊ မြန်မာ့အသံဂီတမှူး အငြိမ်းစား ဂီတစာဆိုတေးသံရှင် ဆရာ ဂီတာဦးတင်အုန်းတို့က ဦးဆောင်ပြီး အလင်္ကာကျော်စွာ စောင်းဦးဘသန်း၏ သားဖြစ်သူ စန္ဒရားထိပ်တင်ဝင်း တီးဝိုင်းဖြင့် တွဲဖက်တီးခတ် ယှဉ်ပြိုင်စေကာ ဂုဏ်ပြုသူများ ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးခဲ့ပါသည်။

ထို့ပြင် စာရေးသူ၏ ထိုစဉ်က တေးကဗျာနယ် အပျော်တမ်းတူရိယာအဖွဲ့တွင် ထိုဆုရပြိုင်ပွဲဝင် ဝန်ထမ်းများကို ဆရာ ဘိုကလေးတင့်အောင်၊ ဆရာ မောင်ဆွေနွယ်၊ ဆရာ ဂီတာတင်အုန်းတို့၏ တေးသီချင်းများဖြင့် အသံသွင်းထုတ်လွှင့်ခဲ့ရာ မြန်မာ့အသံတွင် ခာတ်ပြားရခဲ့ပါသည်။ ထိုစဉ်က လမ်းစဉ်လူငယ်ဌာနချုပ်မှ မျိုးဆက်သစ်တေးသံရှင်များအဖြစ် ကိုရန်ပိုင်စိုး (ကွယ်လွန်)၊ ကိုညိုမြလေး (ကွယ်လွန်)တို့မှာ အောင်မြင်ကျော်ကြားလာခဲ့သည်ကို ကိုယ်တွေ့ကြုံတွေ့ခဲ့ရပါသည်။

ယင်းသမို့ကြောင့် အဆို၊ အက၊ အရေး၊ အတီး အနုသုခုမပညာရပ်တို့သည် မိဘပြည်သူ ပရိသတ်တို့အား ရသအနုပညာဖြင့် ဘဝအသိပညာနှင့် ရသခံစားမှုတို့ကို ထိရောက်စွာပေးစွမ်းနိုင်သည့် အမြုတေရတနာတစ်ပါးပင် ဖြစ်ပါသည်။ "ဂီတစွမ်းအား ပြည်ထွန်းကား" ဟူသော ဆောင်ပုဒ်မှာ အမျိုးသားယဉ်ကျေးမှုအနုပညာ၏ ခံယူချက်နှင့် အားမာန်ဖြစ်ပါသည်။ အမျိုးသားယဉ်ကျေးမှုအနုပညာကို ကျောခိုင်းမိပါက သရုပ်ပျက်အနုပညာနှင့်အတူ ပရိသတ်ကို အဆိပ်အတောက်ဖြစ်စေသည်မှာ မြေကြီးလက်ခတ်မလွဲနိုင်ပါ။

အချုပ်ဆိုပါလျှင် ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို–

(၁) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
(၂) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊
(၃) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ် လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊
(၄) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုအလွှာမှ အထောက်အကူပြုနိုင်ရေးဟူသော ဦးတည်ချက်များနှင့်အညီ ကျင်းပခြင်းသည် မြန်မာ့ယဉ်ကျေးမှု အနုသုခုမစင်မြင့်တွင် မျိုးဆက်သစ် အနုပညာရှင်များမှာ ရေဇလာမြင့်သည်နှင့်အမျှ ရွှေကြာပွင့်လည်း တင့်လာမည်မှာ မလွဲဧကန် ဖြစ်ပါသတည်း။ ။

**ကိုးကား**

၁။ စမ်းရေအေးမှန်းသိတယ်၊ ပန်းတွေမွှေးမှန်းသိတယ် – မောင်မောင်စန်း "ရန်ကုန်တက္ကသိုယ်" (၂–၂–၁၉၇၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာ)
၂။ ဇာတ်ထဲကဇာတ် – မောင်မောင်စန်း (ရန်ကုန်တက္ကသိုလ်) (၆–၇–၁၉၈၇ ရက်နေ့ထုတ် ဗိုလ်တထောင်သတင်းစာ)
၃။ မြန်မာ့ဇာတ်သဘင် တစ်ခေတ်ပြောင်းလဲရေး (လမ်းစဉ်ပါတီဌာနချုပ်– ၁၉၈၁ စာပေဗိမာန်ပုံနှိပ်တိုက်)

# မိတ္ထီလာခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းဆင်း

**မိတ္ထီလာ စက်တင်ဘာ ၄**

မိတ္ထီလာခရိုင်မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း (၁/၂၀၂၂)ဆင်းပွဲကို စက်တင်ဘာ ၂ ရက်က အဆိုပါဦးစီးဌာနခန်းမ၌ ကျင်းပသည်။

သင်တန်းကို ဩဂုတ် ၂၂ ရက်ကနေ စက်တင်ဘာ ၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးပြီး မိတ္ထီလာခရိုင်အတွင်းက လူမှုရေးအသင်းအဖွဲ့များမှ ၃၀ ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၁ ဦး ၊ တပ်မတော် ချည်မျှင်နှင့် အထည်စက်ရုံက သီးသန့်မီးသတ်တပ်ဖွဲ့ဝင်လေးဦး စုစုပေါင်း သင်တန်းသား ၅၅ ဦး တက်ရောက်သည်။ သင်တန်းတွင် ရှာဖွေကယ်ဆယ်ရေး ဘာသာရပ်များ သင်ကြားပို့ချသည့်နေရာတွင် နိုင်ငံတကာ အဆင့်မီ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများအသုံးပြုပြီး ရေတွင်းအသက်ကယ်ခြင်း၊ တိုက်များပြိုကျ၍ ပိမိနေသည့် အရေးပေါ်ဒဏ်ရာရရှိသူများကို ကယ်ထုတ်ခြင်း ၊ ယာဉ်မတော်တဆမှုဖြစ်ပွားသည့်အခါ စနစ်တကျကယ်ထုတ်ခြင်း စသည့် သင်တန်းစာများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း" ဟု ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားမှူး ဦးကျော်ဆန်းက ပြောသည်။

သင်တန်းဆင်းပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးက အမှာစကားပြောကြားပြီး သင်တန်းတွင် တစ်ဦးချင်းထူးချွန်ဆုရရှိသူများနှင့် အုပ်စုအလိုက် ထူးချွန်ဆုရရှိသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ် ချီးမြှင့်သည်။

သင်တန်းဆင်းပွဲအပြီးတွင် ရှာဖွေကယ်ဆယ်ရေးသရုပ်ပြခြင်းကို သင်တန်းသားသင်တန်းသူများက လက်တွေ့ဆောင်ရွက်ပြသခဲ့ပြီး တာဝန်ရှိသူများနှင့်တက်ရောက်ကြသူများက ကြည့်ရှုအားပေးခဲ့သည်။

**ချမ်းသာ ( မိတ္ထီလာ)**



# ၂၀၂၂ ခုနှစ် ကိုရီးယားသံအမတ်ကြီးဖလား တိုက်ကွမ်ဒိုပြိုင်ပွဲ သက်တန်းအလိုက် ယှဉ်ပြိုင်

**ရန်ကုန်  စက်တင်ဘာ ၄**



မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်နှင့် ကိုရီးယားသံရုံးတို့ ပူးပေါင်းကျင်းပသော၂၀၂၂ခုနှစ်ကိုရီးယားသံအမတ်ကြီးဖလား တိုက်ကွမ်ဒိုပြိုင်ပွဲကို ယနေ့နံနက်က ရန်ကုန်မြို့ သုဝဏ္ဏ(ဘူယောင်း)တိုက်ကွမ်ဒိုလေ့ကျင့်ရေးစင်တာ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယား သံအမတ်ကြီးနှင့် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမြပဟန်တို့က အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစား သမားများအား လိုက်လံ နှုတ်ဆက်ကြသည်။ ထို့နောက် အမျိုးသား အမျိုးသမီး သက်ငယ်တန်းအဆင့်၊ ဂျူနီယာတန်းအဆင့်၊ ကကွက်၊ အတိုက်ပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။ အဆိုပါ ပြိုင်ပွဲ၌ သက်တမ်း အမျိုးအစားအလိုက် အတိုက်နှင့် ကကွက် ပြိုင်ပွဲများမှ ရွှေ၊ ငွေ၊ ကြေးအများဆုံးရရှိသော အသင်းများအား မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးနှင့် မြန်မာ နိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယ တံခွန်စိုက်ဖလားနှင့် ငွေသားဆုများချီးမြှင့်ပေးအပ်ကြသည်။ ယင်းပြိုင်ပွဲတွင် ကလပ်အသင်းများမှ အားကစားသမား ၁၀၀ ကျော်ဖြင့် ပြိုင်ပွဲပေါင်း ၁၀၀ ကျော် ကျင်းပခဲ့ကြောင်း သိရသည်။

**အာကာစိုး**

# AFF Cup 2022 ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း လိဂ်ပြိုင်ပွဲအပြီး စတင်ပြင်ဆင်မည်

**ရန်ကုန်  စက်တင်ဘာ ၄**

မြန်မာ့လက်ရွေးစင် အသင်းသည် AFF Cup 2022 ပြိုင်ပွဲအတွက် ပြည်တွင်းလိဂ် ပြိုင်ပွဲဖြစ်သည့် ၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ အပြီးတွင် စတင်ပြင်ဆင်သွားမည်ဖြစ်သည်။

AFF Cup 2022 ပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြည်တွင်းလိဂ်ဖြစ်သော ၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲမှာ နိုဝင်ဘာ ပထမပတ်တွင် ပြီးဆုံးမည်ဖြစ်သောကြောင့် ယင်းနောက်ပိုင်းတွင် စတင်ပြင်ဆင်ရန် စီစဉ်ထားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာဆီယံဒေသတွင်း အဆင့်မြင့်ဆုံး ပြိုင်ပွဲယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ပြိုင်ပွဲမတိုင်မီ ပြင်ဆင်မှုများစွာပြုလုပ်မည်ဖြစ်ပြီး နိုင်ငံတကာခြေစမ်းပွဲများလည်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်ကစားသမား အများစုမှာလည်း ပြည်ပကလပ်များတွင် သွားရောက်ကစားနေသဖြင့် ယင်းကစားသမားများမှာမူ သက်ဆိုင်ရာနိုင်ငံများမှ လိဂ်ပြိုင်ပွဲများ ရပ်နားသည့်ကာလမှ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂျာမနီနိုင်ငံသား အန်တွမ်နီပေါသည် ပြည်တွင်းလိဂ်ပွဲစဉ်များ လိုက်လံကြည့်ရှုလျက်ရှိပြီး ပဏာမကစားသမား ၂၅ ဦးမှ ၃၀ ကြားဖြင့် ဖွဲ့စည်းဖွယ်ရှိနေသည်။

မြန်မာအသင်းသည် အုပ်စု (ခ) တွင် ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ လာအိုအသင်းတို့နှင့် ကျရောက်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအနက် မလေးရှား၊ လာအိုတို့နှင့်ပွဲများကို အိမ်ကွင်း၊ စင်ကာပူ၊ ဗီယက်နမ်တို့နှင့်ပွဲများကို အဝေးကွင်းကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

# ရာသီအစရှုံးပွဲမရှိသေးသည့် အာဆင်နယ်ကို မန်ယူတို့ ဂိုးပြတ်အနိုင်ယူ

ပရီမီယာလိဂ်ပွဲစဉ်(၆)မှ အကောင်းဆုံး ပွဲစဉ်တစ်ပွဲဖြစ်သည့် မန်ယူအသင်းနှင့် အာဆင်နယ်အသင်းတို့ ပွဲစဉ်ကို မန်ယူအိမ်ကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပွဲစဉ်တွင် တိုက်စစ်ကစားသမားသစ် အန်တိုနီ မန်ယူအသင်းအတွက် ပထမဆုံးသွင်းဂိုး ရယူနိုင်ခဲ့သည်။ အာဆင်နယ်အသင်းသည် မန်ယူအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့်ပရီမီယာလိဂ် ငါးပွဲဆက် ရှုံးပွဲမရှိစံချိန် ကျိုးပျက်ခဲ့ရသည်။ မန်ယူအတွက် အဖွင့်ဂိုးကို ၃၅ မိနစ်တွင် အန်တိုနီက သွင်းယူပေးပြီး ဒုတိယပိုင်း မိနစ် ၆၀ တွင် အာဆင်နယ်မှ ဆာကာက ချေပဂိုး သွင်းယူခဲ့သည်။ မန်ယူအတွက် အနိုင်ဂိုးများကို ၆၆ မိနစ်နှင့် ၇၅ မိနစ်တွင် တိုက်စစ်မှူး ရက်ဖို့ဒ် က သွင်းယူပေးသည်။ မန်ယူအသင်းက ယခုနိုင်ပွဲကြောင့် ခြောက်ပွဲကစားပြီး ရမှတ် ၁၂ မှတ်ဖြင့် အဆင့်(၅)နေရာသို့ တက်လှမ်းနိုင်ခဲ့သည်။

အခြားသောပွဲစဉ်မှ ဘရိုက်တန်အသင်းနှင့် လက်စတာအသင်းတို့ပွဲစဉ်ကို ဘရိုက်တန်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဘရိုက်တန်အသင်းက ငါးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဦးဆောင်ဂိုးကို လက်စတာအသင်းက ပွဲချိန်တစ်မိနစ်တွင် ရရှိခဲ့ပြီး အီဟီယာနာချိုက သွင်းယူပေးခဲ့သည်။ သို့သော်လည်း ပွဲချိန် ၁၀ မိနစ်တွင် လက်စတာအသင်းမှ သောမက်စ်ကိုယ့်ဂိုးကိုယ် သွင်းယူမိခဲ့၍ ဘရိုက်တန်အသင်း ချေပဂိုး ရရှိခဲ့သည်။

ပွဲချိန် ၁၅ မိနစ်တွင် ဘရိုက်တန်အသင်းအတွက် ဒုတိယဂိုးကို ကိုင်စီဒိုက သွင်းယူပေးခဲ့သည်။ သို့သော်လည်း ပွဲချိန် ၃၃ မိနစ်တွင် လက်စတာအသင်း ချေပဂိုးရရှိခဲ့ပြီး ဒါကာက သွင်းယူပေးခဲ့သည်။

ဘရိုက်တန်အသင်းအတွက် တတိယဂိုးကို ပွဲချိန် ၆၄ မိနစ်တွင် ထရိုဆတ်က သွင်းယူပေးခဲ့ပြီး အသင်းအတွက် စတုတ္ထဂိုးနှင့် ပဉ္စမဂိုးကို ပွဲချိန် ၇၁ မိနစ်နှင့် မိနစ် ၉၀ တွင် အလစ္စတာက သွင်းယူပေးခဲ့သည်။ ဘရိုက်တန်အသင်းသည် ယခုအနိုင်ပွဲကြောင့် ပွဲစဉ် (၆) အပြီး ရမှတ် ၁၃ မှတ်အထိ ရရှိလာပြီ ဖြစ်သည်။

ယမန်နေ့က ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် (၆) မှ ဗီလာနှင့် မန်စီးတီးအသင်းတို့ ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ **အောင်ဇော်**



မန်ယူတိုက်စစ်မှူး ရက်ဖို့ဒ် အာဆင်နယ်အသင်းဘက်သို့ ဂိုးသွင်းယူစဉ်။

# MNL-2 ပြိုင်ပွဲ ပွဲစဉ် (၆) ယနေ့ စတင်မည်

**ရန်ကုန်  စက်တင်ဘာ ၄**

၂၀၂၂ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၆) ကို စက်တင်ဘာ ၅၊ ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဇယားထိပ်ပိုင်း အပြောင်းအလဲဖြစ်နိုင်သည့်ပွဲများ ပါဝင်နေသည်။

ပွဲစဉ် (၆) အဖြစ် စက်တင်ဘာ ၅ ရက်တွင် တက္ကသိုလ်အသင်းနှင့် မောရဝတီအသင်း၊ စက်တင်ဘာ ၆ ရက်တွင် Young Boys အသင်းနှင့် ကချင်ယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယခုတစ်ပတ်ပွဲစဉ်တွင် ဒဂုံစတားယူနိုက်တက်အသင်း ပွဲစဉ်မပါဝင်ဘဲ မြန်မာ ယူ-၁၉ (ခ) Junior Lions အသင်းမှာမူ အာရှဖလားခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ယောမြေအသင်းနှင့် တွေ့ဆုံမည့်ပွဲကို ရွှေ့ဆိုင်းထားရာ နှစ်ပွဲသာ ကစားရမည်ဖြစ်သည်။ ယခုတစ်ပတ်ကစားမည့်ပွဲတွင် တက္ကသိုလ်အသင်းအနေဖြင့် နိုင်ပွဲရယူနိုင်ပါက ဇယားထိပ်ဆုံးနေရာသို့ တက်လှမ်းနိုင်မည်ဖြစ်သည်။ လက်ရှိဦးဆောင်နေသည့် ဒဂုံစတားယူနိုက်တက်အသင်းကို တက္ကသိုလ်အသင်းက ပွဲတူရမှတ်အသာဖြင့် ကျော်ဖြတ်နိုင်မည်ဖြစ်သည်။ ကချင်ယူနိုက်တက်အသင်းမှာလည်း နိုင်ပွဲရယူနိုင်မှသာ ဇယားထိပ်ပိုင်းမှ အသင်းများကို ဆက်လက်ဖိအားပေးနိုင်မည်ဖြစ်သည်။ Young Boys အသင်းမှာလည်း တစ်ပွဲထက်တစ်ပွဲ ကစားပုံပိုကောင်းလာရာ ကချင်ယူနိုက်တက်အသင်းအနေဖြင့် အမှားမများမှသာ အမှတ်ပြည့်ရယူနိုင်မည်ဖြစ်သည်။

ပွဲစဉ် (၅) အပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက ငါးပွဲကစား ရမှတ် ၁၁ မှတ်ဖြင့် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လျက်ရှိပြီး တက္ကသိုလ်အသင်းက လေးပွဲကစား ကိုးမှတ်၊ ကချင်ယူနိုက်တက်အသင်းက လေးပွဲကစား ခုနစ်မှတ်၊ Junior Lions အသင်းက လေးပွဲကစား ခြောက်မှတ်၊ မောရဝတီအသင်းက လေးပွဲကစား လေးမှတ်၊ Young Boys အသင်းက သုံးပွဲကစား သုံးမှတ်ရရှိထားကာ ယောမြေအသင်းမှာမူ လေးပွဲစလုံးအရေးနိမ့်ကာ အမှတ်မရသေးပေ။

**ရဲရင့်လွင်**

○*ကျောဖုံးမှ*

အနိုင်သုံးမှတ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အသင်းကြီးများကို ကျော်ဖြတ်ကာ တတိယနေရာတွင် ရပ်တည်နေသည့် မြဝတီအသင်းသည် ရှမ်းယူနိုက်တက်ကို အကောင်းဆုံးတုံ့ပြန်နိုင်သော်လည်း နှစ်ကျော့စလုံး အရှုံးပေးခဲ့ရသည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး နိုင်ငံခြားသားကစားသမား သုံးဦးအပါအဝင် ဟိန်းသီဟဇော်၊ ကျော်ဇင်ဖြိုး (ဂိုး)၊ ရဲမင်းသူတို့ဖြင့် ပွဲထွက်ခဲ့ပြီး မြဝတီအသင်းကလည်း အတောင့်တင်းဆုံးလူစာရင်းဖြင့် ယှဉ်ပြိုင်ခဲ့သည်။ ပထမအကျော့ကတည်းက အသင်းကြီးများကို အခက်တွေ့အောင် ကစားနိုင်ခဲ့သည့် မြဝတီအသင်းသည် ယခုပွဲတွင်လည်း ရှမ်းယူနိုက်တက်ကို အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့သည်။ မြဝတီအသင်းသည် ရှမ်းယူနိုက်တက်ကို ခပ်မာမာတုံ့ပြန်ခဲ့ပြီး ဂိုးသွင်းခွင့်များ ဖန်တီးနိုင်ခဲ့သော်လည်း အသုံးမချနိုင်သဖြင့် ဂိုးမရခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အနိုင်ဂိုးရရန် ဒုတိယပိုင်းတွင် ကစားသမားများအပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့ပြီး အနိုင်ဂိုးကို ၉၀+၂ မိနစ်တွင် လူစားဝင် တောင်ပံကစားသမား နန္ဒကျော်က သွင်းယူခဲ့သည်။

စက်တင်ဘာ ၄ ရက်က ကစားသည့်ပွဲတွင် ရတနာပုံအသင်းက ရခိုင်ယူနိုက်တက်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် ရခိုင်ယူနိုက်တက်ကို နှစ်ကျော့စလုံး အနိုင်ယူကာ တတိယနေရာမှ မြဝတီနှင့် တစ်မှတ်အကွာသို့ ရောက်ရှိလာသည်။ ရာသီဝက်အပြောင်းအရွှေ့ကာလတွင် ပြင်ဆင်မှုများစွာပြုလုပ်ထားသည့် ရခိုင်ယူနိုက်တက်အသင်းသည် ရလဒ်ဆိုးများမှ ရုန်းထွက်နိုင်ခြင်းမရှိသေးဘဲ ၁၀ ပွဲဆက်အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။ ရခိုင်ယူနိုက်တက်အသင်းသည် ယခုအချိန်အထိ ရမှတ်မရသေးသဖြင့် တန်းဆင်းဇုန်မှလွတ်ရန် ဖိအားပိုများလာခဲ့သည်။

ရခိုင်ယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကစားသမားများ အပါအဝင် လူစုံအသုံးပြုခဲ့သလို ရတနာပုံအသင်းမှာလည်း အမာခံကစားသမားအစုံအလင် ပွဲထွက်ခဲ့သည်။ ရတနာပုံအသင်းအတွက် ဂိုးများကို ၂၁၊ ၇၅ မိနစ်တွင် မျိုးကိုထွန်း၊ ၅၆ မိနစ်တွင် ရဲရင့်အောင်၊ ၈၆ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် မြင့်သိန်းထွန်းတို့က သွင်းယူခဲ့ပြီး ရခိုင်ယူနိုက်တက်အတွက် ချေပဂိုးနှစ်ဂိုးစလုံးကို ကွန်ဒီက ၃၉၊ ၉၀+၂ မိနစ်တွင် သွင်းယူခဲ့သည်။

**ရဲရင့်လွင်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၉-၂၀၂၂ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရှ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ဒီမိုကရေစီဆိုသည်မှာ
**၀၉:၁၀** စိုက်ပျိုးရေးရာအဖြေရှာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** ရာဇဝင်ထဲကသမိုင်းအနုပညာ
**၁၁:၃၀** ဘဝနှင့်အနုပညာ
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်ဒါးဒါး အချစ်ချိုချို'** (အပိုင်း-၄)
**၁၃:၃၀** MRTV National News
**၁၆:၃၅** ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
**၁၇:၀၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၇:၄၅** This Week's Special Interest
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရနံ့ လွင့်ပျံ့အမုန်း'** (အပိုင်း-၁၀)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အချစ်ဆိုသည်မှာ'** (အပိုင်း-၂၁)

**mitv**

**07:01** Evergreen Classic: Myanmar Shu Khin Myanmar Sate Yinn (Seint Nay Chi)
**07:08** Attractive New Destinations of Bagan
**07:31** Myanmar Sculpture-work of Art
**07:48** Mobile House
**08:01** News
**08:27** ASEAN Women Entrepreneurship: Brunei
**08:37** Myanmar Childhood Games (Episode-1)
**08:46** Chef Life: Syi Syi Lwin
**09:25** Discovering Tribes: Taung Yoe (Their Life and Customs)
**09:48** Myanmar Weaving
**10:35** Talent Show on a Maze of Xylophones
**10:40** Mommy Cook: The Foster Mother

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** တွေ့မြင်ခံစားကြားအင်းတောင်ပေါ်မှမြင်ကွင်းများ
**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** ဆန်းပြားလှသည့်ချင်းရိုးရာနှာခေါင်းပလွေမှုတ်
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)** ကိုက်လန်၏ကျန်းမာရေးအကျိုးကျေးဇူးများ
**မွန် (၀၉:၀၀ မှ ၁၁:၀၀)** မွန်စာပေသင်ကြရအောင်(အပိုင်း-၁)
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** Arakan Talented Star တေးသံရှင်ဒိုးကလေး
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** စကားမြို့ဟောင်းနှင့်ဖယ်ခုံအင်းအလှ
**ဝ (၁၅:၀၀ မှ ၁၇:၀၀)** ရိုးရာရက်ကန်းနှင့်အထည်
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)** ကချင်ရိုးရာစကောထမင်း
**ကယား (၁၉:၀၀ မှ ၂၁:၀၀)** စံပယ်ပန်းလှလှလေးကပေးတဲ့ကျန်းမာရေး
**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)** အစာအိမ်ရောင်ရောဂါအကြောင်းသိကောင်းစရာ
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** ကရင်စာပေစကားပြောကြရအောင်(အပိုင်း-၃)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၄၅** သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'လူပိုက်တို့သွားရာလမ်း'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၅)
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၂)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၅)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၇:၂၀** မျိုးကောင်းမျိုးသန့်စိုက်ပျိုး အထွက်တိုးမယ့်ရွှေနေကြာ
**၀၈:၀၀** ဝင်ငွေရစေမည့်ကြားညှပ်သီးနှံယာကွန်
**၀၈:၃၀** မျိုးစုံဇီဝနမူနာပုံစံများ စုဆောင်းအသုံးပြုနိုင်သည့်ကိရိယာများထုတ်လုပ်ခြင်း
**၀၉:၂၀** သရက်စိုက်ပျိုးဝင်ငွေတိုး
**၀၉:၂၀** ကော်ဖီသုတေသနမှသည်ကော်ဖီကဏ္ဍ တိုးတက်ဖို့မျှော်ရည်

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/Weekly Sports Info Sports Diary/Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal


# သီပေါမြို့၌ ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲကျင်းပ

**သီပေါ စက်တင်ဘာ ၄**

၂၀၂၁ - ၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲကို ယနေ့နံနက် ၉ နာရီက သီပေါမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ ထူးချွန်ဆုများ ချီးမြှင့်ရာ တစ်ဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် သုံးဦးနှင့် လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး စုစုပေါင်း ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၂၀ တို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းနှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးသည်။

ထို့နောက် (၂၃) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး၊ ခရိုင်အဆင့် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အုပ်ချုပ်သူ အ-ထ-က (၂) အထက်တန်းပြ ဆရာမ ဒေါ်နွဲ့ယဉ်မျိုးထံ ဂုဏ်ပြုဆုငွေများ ပေးအပ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၄**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄ - ၉ - ၂၀၂၂

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၁၉၉၆၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၀၀၀၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၀၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၀၄ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၃၀၀၀ ကျပ် | ၃၀၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၃၀၈၅ ကျပ် | ၃၁၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၉၀ ကျပ် | ၂၃၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၅၅ ကျပ် | ၂၄၀၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၉၆ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၄၉၇ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၇ . ၁၈၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၄၉၆ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၆၈ . ၃၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၄ . ၀၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၆ . ၃၁၉ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၆၀၀ | ၇၈၀၀ | ၄၄၄၉ | ၃၄၃၆၆၅၀၀ |
| MTSH | ၂၆၅၀ | ၃၀၀၀ | ၁၄၅၂၇ | ၄၁၅၉၇၉၀၀ |
| MCB | ၇၁၀၀ | ၇၁၀၀ | ၄၃၀ | ၃၀၅၃၀၀၀ |
| FPB | ၁၈၅၀၀ | ၁၈၅၀၀ | ၁ | ၁၈၅၀၀ |
| TMH | ၂၃၅၀ | ၂၄၅၀ | ၄၇၂ | ၁၁၂၂၈၅၀ |
| EFR | ၂၅၅၀ | ၂၆၀၀ | ၃၅ | ၈၉၃၅၀ |
| AHP | ၄၉၀၀ | ၅၀၀၀ | ၄၀၀၉ | ၁၉၆၄၅၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာပါမည်

**မော်ကျွန်းမြင့်အောင်**

**စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် မိမိတို့နိုင်ငံတွင် ဘိုးစဉ်ဘောင်ဆက် လယ်ယာစိုက်ပျိုးခဲ့ကြရာ၌ သီးနှံအထွက်နှုန်းတိုးတက်စေရန် ဓာတ်မြေဩဇာများကို လွန်လွန်ကဲကဲ အသုံးပြုလာခဲ့ကြသည်။ ထို့အတွက် မြေဆီမြေနှစ်များ၊ မြေဆီလွှာများ၏ ရုပ်ပိုင်းဆိုင်ရာ၊ ဓာတုပိုင်းဆိုင်ရာ၊ ဇီဝဆိုင်ရာ ဂုဏ်သတ္တိများသည် တဖြည်းဖြည်း ထိခိုက်လာခဲ့ကြသည်။ ဓာတုဓာတ်ကြွင်းများ ကျန်ရစ်ခဲ့သဖြင့် မြေဆီလွှာတို့မှာ ယခင်ကလို မကောင်းမွန်တော့ဘဲ ပို၍ ပို၍သာ ဓာတ်မြေဩဇာများကို တိုးတက်သုံးစွဲနေကြရသည်။**

ထို့အတူ မိမိတို့နိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုများကြောင့် သဘာဝအရင်းအမြစ်များ ဆုံးရှုံးမှု ရင်ဆိုင်နေကြရပါသည်။ ထို့ကြောင့်လည်း စဉ်ဆက်မပြတ် စိုက်ပျိုးထုတ်လုပ်မှုများ ရရှိရန် စိုက်ပျိုးရေးဆိုင်ရာ သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းရမည် ဖြစ်သည်။ သို့မှသာ ရေရှည်တည်တံ့သည့် စိုက်ပျိုးရေးလုပ်ငန်းများ ရရှိခြင်းနှင့် မြေဆီလွှာကောင်းမွန်ခြင်း၊ အပင်အာဟာရကောင်းစွာ ရရှိခြင်းတို့ ရှိမည်ဖြစ်၍ စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ပါသည်။

တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် သီးနှံအထွက်နှုန်းတိုးတက်စေရန်အတွက် မြေသားဖွဲ့စည်းတည်ဆောက်မှု ကောင်းမွန်သည့် ထွန်ယက်မှုပုံစံ၊ သီးနှံပင် အကြွင်းအကျန်များကို မြေတွင်းသို့ထည့်သွင်းစိုက်ပျိုးခြင်း၊ အပေါ်ယံမြေသားများ တိုက်စား ပျက်စီးဆုံးရှုံးခြင်းကို ကာကွယ်ရန် သစ်ဆွေးဓာတ်များ လုံလောက်အောင် ထည့်သွင်းခြင်း နှင့် မြေဆီလွှာအတွင်းရှိ အကျိုးပြုဇီဝသက်ရှိများ၊ အပြင်အာဟာရဓာတ် လည်ပတ်ပုံစံ ကောင်းမွန်စေခြင်းတို့ကိုလည်း ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

မြေဆီလွှာ အင်အားဖြည့်တင်းမှုအတွက် ဖြည့်တင်းနိုင်သည့် အရာများအနက်တစ်ခုမှာ သက်တမ်းတိုအတွင်း ကြီးထွားမှု မြန်ဆန်၍ နိုက်ထရိုဂျင်ပမာဏ များပြားသည့် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ကို နှံစားနှင့် သီးနှံများ မစိုက်ပျိုးမီ သစ်စိမ်းမြေဩဇာအဖြစ် စိုက်ပျိုးခြင်းနှင့် မြေဖုံးပင်အဖြစ် စိုက်ပျိုးခြင်းတို့ဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အကျိုးများစေမည်ဖြစ်ပါသည်။

သစ်စိမ်းမြေဩဇာဆိုသည်မှာ အကြီးမြန်၊ ဆွေးမြည့်လွယ်သည့် ဇီဝဒြပ်ထု(Biomass) အထွက်များရရှိသည့် အပင်များ ကြဲပက်စိုက်ပျိုး၊ ထယ်ထိုးမြေမြှုပ်ခြင်းဖြင့် မြေဆီလွှာ ကျန်းမာရေးကို မြှင့်တင်ပေးခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ အရပ်ရပ်တွင် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မြေကြီးအတွင်း ထည့်သွင်းနိုင်ရေး အသိပညာပေး ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ မျိုးစေ့များပေးအပ်ခြင်းတို့ကို စိုက်ပျိုးရေးဦးစီးဌာနများက ပညာပေးလျက်ရှိသည်ကိုလည်း မြင်တွေ့ရသည်။



ဖျာပုံမြို့နယ်အတွင်း သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့များ ကြဲပက်စိုက်ပျိုးနေစဉ်။

**"မြေဆီလွှာအင်အားဖြည့်တင်းမှုအတွက် ဖြည့်တင်းနိုင်သည့် အရာများအနက်တစ်ခုမှာ သက်တမ်းတိုအတွင်း ကြီးထွားမှုမြန်ဆန်၍ နိုက်ထရိုဂျင်ပမာဏများပြားသည့် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ကို နှံစားနှင့် သီးနှံများ မစိုက်ပျိုးမီ သစ်စိမ်းမြေဩဇာအဖြစ် စိုက်ပျိုးခြင်းနှင့် မြေဖုံးပင်အဖြစ် စိုက်ပျိုးခြင်းတို့ဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အကျိုးများစေမည်"**

### သစ်စိမ်းမြေဩဇာ

ထို့အတွက် တောင်သူများအနေဖြင့် သစ်စိမ်းမြေဩဇာကို လယ်မြေများတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲရန် စိုက်ပျိုးရေးပညာရှင်များက အကြံပြုကြသည်။ လယ်ယာမြေများတွင် နှစ်ရာသီ၊ သုံးရာသီ ဆက်တိုက်စိုက်ပျိုးလာပါက လယ်ယာမြေ၏ မြေဆီလွှာတို့မှာ ပျက်စီးဆုံးရှုံးမှု လျော့နည်း၍ မြေဆီလွှာကျန်းမာရေးကိုလည်း ထိန်းသိမ်းကာကွယ်ရာရောက်မည်ဖြစ်သည်။

သစ်စိမ်းမြေဩဇာ၏ မူလအရည်အသွေးများစွာ ရှိပါသည်။ ပိုက်ဆံလျှော်ပင် စိုက်ပျိုးထားပါက ပေါင်းပင်များပေါ်မှ ပိုမိုကြီးထွားလေ့ရှိသဖြင့် ပေါင်းပင်ပေါက်ရောက်မှုကို လျော့ပါးစေပြီး လယ်မြေများအတွင်း ထည့်သွင်းထားပါက သဘာဝမြေဩဇာများ၊ မြေဆွေးများနှင့် နွားချေးများ လိုက်လံထည့်သွင်းပေးရသည်ထက် လုပ်အားခ သက်သာခြင်း၊ စိုက်ပျိုးရလွယ်ကူခြင်းတို့အပြင် ဓာတ်မြေဩဇာသုံးစွဲမှု လျော့ကျစေသည့်အတွက် ကုန်ကျစရိတ်များစွာသက်သာစေမည်ဖြစ်သည်။

### အကျိုးကျေးဇူးများပြား

ပိုက်ဆံလျှော်ကို နိုင်ငံအချို့တွင် သစ်စိမ်းမြေဩဇာအဖြစ်သာမက စက္ကူ၊ ကြိုး၊ ပိုက်ကွန်နှင့် ဖျာများအတွက် လျှော်ပင်အဖြစ်လည်း အသုံးပြုကြသည်ကို မြင်တွေ့ရသည်။

စာရေးသူလက်လှမ်းမီသမျှ တောင်သူများအနေဖြင့် ပိုက်ဆံလျှော်ထည့်သွင်းခြင်းဖြင့် ရရှိလာနိုင်သည့် အကျိုးကျေးဇူးများကို တင်ပြရလျှင်

- မြေဆီလွှာအတွင်းရှိ အပင်အာဟာရဓာတ်များ မြေအောက်သို့ စိမ့်ဝင်ဆုံးရှုံးခြင်းမှ ကာကွယ်ပေးခြင်း
- မြေဆီလွှာတိုက်စားမှုကို လျော့နည်းစေပြီး အပေါ်ယံမြေဆီလွှာပျက်စီးမှုကို ကာကွယ်ပေးခြင်း
- မြေညံ့များတွင် စိုက်ပျိုးထွန်ယက်မြေမြှုပ်ပေးပါက မြေဆီလွှာအရည်အသွေးကို တိုးတက်စေခြင်း
- မြေဆီလွှာအတွင်းရှိအစိုဓာတ်ကို ထိန်းသိမ်းပေးရုံသာမက သစ်ဆွေးဓာတ်ကိုလည်း တိုးတက်စေကာ မြေသားဖွဲ့စည်းမှု တိုးတက်ကောင်းမွန်ခြင်း
- လေထုအတွင်းရှိ နိုက်ထရိုဂျင်ဓာတ်ကို ဖမ်းယူပေးနိုင်သည့်အတွက် မြေဆီလွှာကို နိုက်ထရိုဂျင်ဖြည့်တင်းပေးရာရောက်ခြင်း စသည်တို့ကို ရရှိစေမည်ဖြစ်ပါသည်။

### လွယ်ကူစွာ စိုက်ပျိုးနိုင်

တောင်သူများအနေဖြင့် ပိုက်ဆံလျှော်စိုက်ပျိုးမည်ဆိုပါက တစ်ဧကလျှင် မျိုးစေ့သုံးလေးပြည်နှုန်း အသုံးပြုနိုင်ကာ တစ်ဧကလျှင် တန်းကြားတစ်ပေခွဲခြား၍ ကြွက်မြီးတန်းစနစ်ဖြင့် စိုက်ပျိုးနိုင်မည်ဖြစ်သည်။ နှစ်ပတ်သားခန့်တွင် ခြောက်လက်မခြားတစ်ပင်ချန် သားခွဲပေးရန် လိုအပ်ပါသည်။ ဇန်နဝါရီ၊ ဖေဖော်ဝါရီလများတွင် အသီးတောင့်များ ရိတ်သိမ်းနိုင်ပြီး အခြောက်ခံ ခြွေလှေ့သန့်စင်၍ မျိုးစေ့အဖြစ်ပြန်လည် အသုံးပြုနိုင်ပါသည်။ တစ်ဧကလျှင် မျိုးစေ့အထွက်နှုန်း ရှစ်တင်းမှ ၁၀ တင်းအထိ ထွက်ရှိနိုင်ကြောင်း သိရှိရသည်။ ပိုက်ဆံလျှော်မှာ နေ့တာတိုအပင်မျိုးဖြစ်သဖြင့် နေ့တာ အတိုအရှည်ပေါ်မူတည်၍ ပန်းပွင့်ချိန်ကွာခြားနိုင်သည့်အပြင် မျိုးစေ့ကို တစ်နှစ်လျှင်တစ်ကြိမ်သာ မျိုးစေ့ထုတ်အဖြစ် စိုက်ပျိုးနိုင်မည်ဖြစ်ပါသည်။

သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ကြိုက်နှစ်သက်သည့် မြေအမျိုးအစားမှာ PH- ၈ ဒသမ ၅ လယ်ဗယ်ရှိသည့် မြေအမျိုးအစားကို ကြိုက်နှစ်သက်၍ နုန်းမြေမှာ အသင့်တော်ဆုံးဖြစ်သည်။ ထို့ပြင် မြေညံ့၍ သဲဆန်သည့် ဒေသများတွင် အခြားသီးနှံများ စိုက်ပျိုးမဖြစ်ထွန်းလျှင်ပင် ပိုက်ဆံလျှော်မှာမူ စိုက်ပျိုး၍ရသည့် ဒေသမရွေး စိုက်ပျိုးနိုင်သော ပိုက်ဆံလျှော်ပင် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရန်အတွက် ပိုက်ဆံလျှော် စိုက်ပျိုးခြင်းဖြင့်လည်း အကောင်းဆုံး ဖြေရှင်းနိုင်မည် ဖြစ်ပါသည်။

### ဧရာဝတီ၌ စိုက်ပျိုးအသုံးပြုလျက်ရှိ

မိမိတို့ ဧရာဝတီတိုင်းဒေသကြီးအတွင်း၌လည်း သစ်စိမ်းမြေဩဇာအသုံးပြုမှု တွင်ကျယ်လာစေရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကာ ပြီးခဲ့သည့် ဧပြီလအတွင်း ဧရာဝတီတိုင်းဒေသကြီး စပါးအောင်မြေများဖြစ်သည့် မော်လမြိုင်ကျွန်း နှင့် ဖျာပုံမြို့နယ်တို့က စံပြကျေးရွာများတွင် သရုပ်ပြပွဲများ ကျင်းပပေးခဲ့သည်ကို မြင်တွေ့ရသည်။

သရုပ်ပြကွင်းဆင်းပွဲများအတွင်း တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက အသိပညာပေး ဆွေးနွေးခဲ့ကြသည်။ ဒေသခံတောင်သူများကလည်း စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်ကြကို အားရဖွယ် တွေ့ရှိရသည်။ လယ်ယာကဏ္ဍသည် မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးမောင်းနှင်အားတစ်ခုပင် ဖြစ်ပါသည်။ ထို့အတွက် မြေဆီမြေနှစ် ပြည့်ဝရေး၊ စိုက်ပျိုးရေးအတွက် မြေဩဇာသွင်းအားစုများ ကုန်ကျစရိတ်သက်သာရေး၊ သီးနှံအထွက်နှုန်း မြင့်မားရေးတို့အတွက် လယ်ယာမြေများ၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)များကို ထည့်သွင်းသုံးစွဲခြင်းဖြင့် လယ်ယာကဏ္ဍကို မြှင့်တင်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါတော့သည်။ ။



ပိုက်ဆံလျှော်များကို ထွန်စက်ဖြင့် ထွန်ယက်၍ မြေကြီးတွင်းထည့်သွင်းပေးနေစဉ်။

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု

**နေပြည်တော် စက်တင်ဘာ ၄**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အမှတ် (၁၈) အခြေခံပညာ အထက်တန်းကျောင်းမှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ပွဲကို အဆိုပါကျောင်း၌ စက်တင်ဘာ ၃ ရက်က ကျင်းပသည်။



အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ဒက္ခိဏသီရိမြို့နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုသည် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ၁၃ ရာခိုင်နှုန်းရှိပြီး ယခုနှစ် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ၄၀ ဒသမ ၄၀ ရာခိုင်နှုန်းရှိရာ ယခုနှစ်အောင်ချက် ရာခိုင်နှုန်း တိုးလာသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော်အနေဖြင့် စနစ်သစ်ပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အရည်အသွေးရှိသည့် ဆရာ ဆရာမများကသာ ထူးချွန်သော ကျောင်းသား ကျောင်းသူများအား မွေးထုတ်ပေးနိုင်ရုံသာမက အရည်အသွေးပြည့်ဝသော လူသားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ယခုစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း နိုင်ငံတော်အတွက် အားကိုးအားထားရသည့် လူတော်လူကောင်းများ ဖြစ်လာစေရေးနှင့် အဆင့်မြင့်ပညာရပ်များကို ကြိုးစားသင်ယူကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သရေစည်သူ ဦးမြင့်လှိုင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)နှင့် အလှူရှင်များက ကျောင်းအတွက် ငွေပဒေသာပင် ကျပ်သိန်း ၉၀ နှင့် ကျောင်းဝတ်စုံ၊ အားကစားဝတ်စုံ၊ နှာခေါင်းစည်းများ လှူဒါန်းခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ ကျောင်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး၊ ပန်းချီ၊ ကာတွန်း ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးသည့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

နေပြည်တော် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် သုံးဘာသာ ငါးဦး၊ နှစ်ဘာသာ တစ်ဦး၊ တစ်ဘာသာ ၁၅ ဦး စုစုပေါင်းဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၂၁ ဦး ရှိကြောင်း သိရသည်။

**အောင်ကိုကို**

**(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေး

**ပဲခူး စက်တင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီးတွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ စက်တင်ဘာ ၂ ရက်က ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်းဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် စာစစ်အတွေ့အကြုံရှိသည့် ပဲခူးတက္ကသိုလ်မှ ပါမောက္ခ/ဌာနမှူးများက ဘာသာရပ်အလိုက် မေးခွန်းပုံစံများ၊ အမှတ်ပေး စည်းမျဉ်းများနှင့် ပါဝင်ရမည့် အချက်အလက်များကို တိကျစွာ ရှင်းလင်းသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် အထက်တန်းပြဆရာ ဆရာမများအနေဖြင့်လည်း ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ရှင်းလင်းသင်ပြမည့် စာမေးပွဲဆိုင်ရာ အချက်အလက်များကို သေချာတိကျ ရှင်းလင်းစွာသိရှိရန် လိုအပ်ကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲမှရရှိသည့် အတွေ့အကြုံကောင်းများဖြင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား အတတ်နိုင်ဆုံး အကောင်းဆုံးပြန်လည်ကြိုးစား သင်ကြားပေးစေလိုကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့ရှိ ကျောင်းအုပ်ကြီးများ၊ အထက်တန်းပြဆရာ ဆရာမများနှင့် ပဲခူးတက္ကသိုလ်မှ ပါမောက္ခ/ဌာနမှူးများ စုစုပေါင်း ၇၃၆ ဦး အတွက် စားသောက်စရိတ် ငွေကျပ် ၃၆၈၀၀၀၀ ကို ထောက်ပံ့ပေးပြီး အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စာသင်ဆောင်များအတွင်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် တက္ကသိုလ်မှ ပါမောက္ခ/ဌာနမှူးများက အထက်တန်းပြဆရာ ဆရာမများအား ဘာသာရပ်အလိုက် မေးခွန်းပုံစံများ၊ အမှတ်ပေး စည်းမျဉ်းများနှင့် ပါဝင်ရမည့် အချက်အလက် ရှင်းလင်းသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**တင်စိုး**

**(ပဲခူး)**

## သဲကုန်းမြို့၌ ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်

**သဲကုန်း စက်တင်ဘာ ၄**

အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ရဲတပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို အ.ထ.က သဲကုန်း၌ စက်တင်ဘာ ၄ ရက်က ဆောင်ရွက်သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ခင်မောင်အေး၏ ကြီးကြပ်မှုဖြင့် သဲကုန်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဇင်ဟိန်းထွဋ်၊ ရဲအရာရှိ ရှစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင် ၃၀ တို့က ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သောရောဂါများ ကင်းဝေးစေရေးအတွက် ချုံနွယ်များ၊ မြက်ပင်များနှင့်အမှိုက်များကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝင့်နန္ဒာဌေး(ပြန်/ဆက်)**

# ၂၀၂၂ ခုနှစ် ဩဂုတ်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**ရန်ကုန် စက်တင်ဘာ ၄**

၁၉၇၃ ခုနှစ်၊ ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ - လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ ယခု ဩဂုတ်လထုတ်တွင် စာပေဗိမာန် (၇၅) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် စာစောင်ကို မူလပါရှိသည့် စာမျက်နှာ ၁၆၀ မှ ယခု စာမျက်နှာ ၂၄၀ အထိ စာမျက်နှာတိုးမြှင့်၍ အကြောင်းရပ်များစွာကို စာဖတ်သူတို့အားပါးတရ ခံစားဖတ်ရှုနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါသည်။ ယခုလအတွက် အထူးပြုရေးသားသည့် **"အမြင်အာရုံနှင့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာ"** မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (ဩဂုတ်လ)ကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၂ ခုနှစ် ဩဂုတ်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် တွင် ဒေါက်တာ မြင့်သန်း (အမျိုးသားစာပေဆုရ)၊ ဒေါက်တာ မြင့်သန်း (ညောင်လေးပင်) တို့၏ **"အမြင်အာရုံနှင့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာ"** မျက်နှာဖုံးဆောင်းပါးများ၊ ဒေါက်တာ ခင်မောင်ညို၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ နိုင်သောင်းထွဋ်၊ ဆန်းသစ်အောင် (မဟာဝိဇ္ဇာ - အင်္ဂလိပ်ဘာသာစကား)၊ ညီမော်သိမ်း၊ နေသူရိန်၊ တာရာဝင့်ထွန်း၊ ရဲရင့်နဒီ၊ ဝင်းထွဋ်ဦး၊ စိန်ဝင်းမော်တို့၏ လူငယ်ရေးရာ ဆောင်းပါးများ၊ မောင်ပေါ်ထွန်း၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါး၊ ရဲထက်ဇော်၊ အေးထွန်းမင်း၊ ဆောင်းဝင်းလတ်တို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ နေညိုယဉ်၊ မြသိန်း၊ တွဲဖက်ပါမောက္ခ ဦးလွင်မြင့်၊ ကြည်လွင်ဦး (ရေနံ) တို့၏ သိပ္ပံနှင့်နည်းပညာဆိုင်ရာဆောင်းပါးများ၊ ဦးစိုင်းကျော်သူ၊ K.M.A တို့၏ ရွှေးကောက်ပွဲနှင့် ဒီမိုကရေစီဆိုင်ရာဆောင်းပါးများ၊ ထက်ဝေအောင်(စစ်ကိုင်း)၏ မသန်စွမ်းသူများဆိုင်ရာ ဆောင်းပါး၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ ပါမောက္ခကိုကိုအောင်၊ လဲ့လဲ့ဝင်း(သတ္တဗေဒ)တို့၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆောင်းပါးများ၊ ကိုကိုချွန်(မော်လမြိုင်)၊ ဒေါက်တာလွင်သန့်၊ ဒေါက်တာ မြင့်သန်း၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ ဇလတ္တာတို့၏ မူးယစ်ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ သန်းစော (စီပီအေ)၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ စောနိုင် (အသုံးချဘောဂဗေဒ) တို့၏ စီးပွားရေးဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ စိုးစိုး(ပန်းတောင်း)၊ ခြယ်မှုန်းသီ၊ ဝင်းဇော် (သုံးဆယ်)၊ မီးအိမ်ရှင် ဒေါက်တာ နိုက်တင်ဂေးလ်၊ မော် (သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူမည်းသရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ၃၅၀၀ ကျပ်နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး နေပြည်တော်၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင်အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မန်းရွှေစက်တော် ဘုရားကြီး၌ ရွှေ့လျားစက်လှေကား တပ်ဆင်ရန် မြေနေရာများ တိုင်းတာရွေးချယ်

**မင်းဘူး စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် မန်းရွှေစက်တော် ဘုရားကြီး၌ ရွှေ့လျားစက်လှေကားတပ်ဆင်ရန် ဆွေးနွေးခြင်းနှင့် မြေနေရာရွေးချယ်၍ တိုင်းတာခြင်းကို ကိုးခန်းကြီး နားနေဆောင်၌ စက်တင်ဘာ၂ ရက်က ဆောင်ရွက်သည်။

မန်းရွှေစက်တော် ဂေါပကဒုတိယဥက္ကဋ္ဌ ဦးသိန်းလှိုင်၊ အော်ရိုနာကုမ္ပဏီဒါရိုက်တာ ဦးမြင့်ဇော်၊ အော်ရိုနာကုမ္ပဏီအရောင်းမန်နေဂျာ ဒေါ်ချမ်းမြေ့ခင်၊ AGT ကုမ္ပဏီ မကွေးကိုယ်စားလှယ် ဦးလှရှောင်၊ Project လုပ်ငန်းတာဝန်ခံ ဦးသူရိန်လင်းကြိုင်၊ ကိုးခန်းကြီး တာဝန်ခံ ဦးစိုးဝင်း၊ အထက်စက်တော်ရာ တာဝန်ခံ ဦးမြင့်သောင်း၊ အောက်စက်တော်ရာ တာဝန်ခံ ဦးဝင်းနိုင်ထွန်းနှင့် ဂေါပကအဖွဲ့ဝင် ဦးမောင်မောင်ဝင်းတို့က ရွှေ့လျားစက်လှေကား တပ်ဆင်ခြင်းနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပြီးတွင် စက်လှေကား တပ်ဆင်မည့် မြေနေရာရွေးချယ်ရာ ကိုးခန်းကြီး နောက်ကျောဘက်နှင့် အထက်စက်တော်ရာ ညာထောင့်နေရာသည် အဆင်ပြေသည့်အနေအထား ရှိသဖြင့် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရနှင့် သြဝါဒဆရာတော်ကြီးများထံ ဆက်လက် တင်ပြသွားမည်ဖြစ်ကြောင်း ရွှေစက်တော် ဂေါပကအဖွဲ့ထံမှ သိရသည်။

ရွှေစက်တော် ဘုရားပွဲရာသီမှာ တပို့တွဲလဆန်း ၅ ရက်နေ့မှ နှစ်ဆန်း ၁ ရက်နေ့အထိ သုံးလတိုင် ကျင်းပလေ့ရှိပြီး ယခင်တပ်ဆင်ထားသော ဓာတ်လှေကားသည် နှစ်ကျိပ်ရှစ်ဆူရင်ပြင်မှ ကိုးခန်းကြီး တန်ဆောင်းအထိသာ ရောက်ရှိသည့်အတွက် အထက်စက်တော်ရာ ဖူးမြော်ရန် လှေကားထစ် ၈၄ ထစ် တက်ရသည်။ ထို့ကြောင့် ရွှေ့လျားစက်လှေကား တပ်ဆင်လိုက်ပါက ကိုးခန်းကြီး နောက်ကျောမှ မဟာဗောဓိပင် ခြေရင်းသို့ ရောက်ရှိပြီး အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာ ခရီးသွားပြည်သူများ အထက်စက်တော်ရာ ပါဒစေတီတော်အား အလွယ်တကူ ဖူးမြော်နိုင်မည် ဖြစ်သည်။



ဇေယျာထက်(မင်းဘူး)

# နောင်မွန်းမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းရေကျော်ပြီး လူနေအိမ်အချို့ရေဝင်ရောက်

**နောင်မွန်း စက်တင်ဘာ ၄**

ကချင်ပြည်နယ် နောင်မွန်းမြို့နယ်၌ မိုးသည်းထန်စွာအဆက်မပြတ် ရွာသွန်းမှုကြောင့် စက်တင်ဘာ ၃ ရက်က မြို့အဝင် လမ်းပေါ် ရေကျော်ခဲ့ပြီး အမှတ်(၂)ရပ်ကွက် မြေနိမ့်ပိုင်းရှိ လူနေအိမ်အချို့သို့ ရေဝင်ရောက်မှုများ ဖြစ်ခဲ့သည်။

နောင်မွန်းမြို့နယ်၌ စက်တင်ဘာ ၂ ရက် ညနေ ၅ နာရီမှစတင်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ စက်တင်ဘာ ၃ ရက်တွင် ကဆန်ချောင်းကွန်ကရစ်မြေထိန်းနံရံအထက် နှစ်ပေခန့်ရေကျော်ခဲ့ကာ မြေနိမ့်ပိုင်းဖြစ်သည့် မြို့အဝင်ကတ္တရာလမ်းတစ်လျှောက် နှစ်မိုင်ခန့် ရေကျော်ခြင်း၊ အမှတ်(၂) ရပ်ကွက်ရှိ လူနေအိမ်ကိုးအိမ်အတွင်းသို့ ရေဝင်ရောက်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ထိုသို့ရေဝင်ရောက်ခဲ့သည့် လူနေအိမ်များသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ပြည်သူများပူးပေါင်းကာ ကယ်ဆယ်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါရေဝင်ရောက်သည့် နေရာများသည် မြေနိမ့်ပိုင်းဖြစ်ခြင်းကြောင့် နှစ်စဉ်မိုးတွင်းကာလတွင် ရေဝင်ရောက်လေ့ရှိပြီး ယနေ့ဖြစ်စဉ်တွင် လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှု မရှိကြောင်းနှင့် လက်ရှိအချိန်တွင် ပူတာအို - မချမ်းဘော့ - ဖရူခ - နောင်မွန်းကားလမ်းပေါ်၌ နှစ်မိုင်ခန့် ရေကျော်လျက်ရှိကြောင်း သိရသည်။ မြို့နယ် (ပြန်/ဆက်)

# မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ဂုဏ်ပြု

# ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကျုံပျော်**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ရဲတပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာ ၃ ရက်က ဆောင်ရွက်ကြသည်။

ကျုံပျော်မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကျော်မိုးနှင့် ကျုံပျော်မြို့မစခန်းမှူး ဒုတိယရဲမှူး မောင်ဆန်း ဦးဆောင်သည့် အရာရှိနှင့် အခြားအဆင့်တပ်ဖွဲ့ဝင် ၂၈ ဦးတို့က ပြည်သူ့ဆေးရုံဝင်းအတွင်း သန့်ရှင်းစေရန်နှင့် ခြင်နှင့်ပိုးမွှားများ ခိုအောင်းမှုမရှိစေရန် ပေါင်းမြက်များ၊ ချုံနွယ်များ ခုတ်ထွင်ခြင်း၊ ခွဲစိတ်ခန်းအနီးဝန်းကျင်ရှိ သစ်ကိုင်းခြောက်များ၊ အမှိုက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

လပြည့်ဦး(ပြန်/ဆက်)



**မော်လမြိုင်ကျွန်း**

(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်သူအကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာ ၃ ရက်က မော်လမြိုင်ကျွန်းမြို့ အမှတ် (၁၃) ရပ်ကွက် ချမ်းမြေ့သာယာမြို့ပတ်လမ်းတစ်လျှောက်၌ ဆောင်ရွက်သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးစိန်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးတင်ထွဋ်တို့ ဦးဆောင်သော မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများနှင့်ပူးပေါင်းပြီး ပေါင်းမြက်များရှင်းလင်းခြင်း၊ အမှိုက်ကောက်ခြင်း စသည့်လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြခြင်း ဖြစ်သည်။

မော်ကျွန်းမြင့်အောင်

# ရေးခရိုင်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကျင်းပ

**ရေး စက်တင်ဘာ ၄**

မွန်ပြည်နယ် ရေးခရိုင်၌ (၂၃ )ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်) ပြိုင်ပွဲကို စက်တင်ဘာ ၁ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ပြိုင်ပွဲဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းမင်းက (၂၃)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များထဲမှ အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့် စိတ်ဓာတ် ပိုမိုထွန်းကားလာစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များထံသို့ လက်ဆင့်ကမ်းပေးနိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားပြီး မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီက မွန်ရိုးရာအဆို အကများဖြင့် ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် ဝါသနာရှင် (ဒုတိယတန်း) အဆင့် တီးလုံးအကပြိုင်ပွဲဝင် တစ်ဦး၊ ဝါသနာရှင်(ပထမတန်း)အဆင့် ခေတ်ဟောင်းကာလပေါ်အဆိုပြိုင်ပွဲဝင်နှစ်ဦး၊ ဝါသနာရှင် (ဒုတိယတန်း) အဆင့် ခေတ်ဟောင်းကာလပေါ်အဆိုပြိုင်ပွဲဝင်တစ်ဦး၊ အရေးပြိုင်ပွဲဝင်တစ်ဦး၊ မွန်ရိုးရာခေတ်ဟောင်း ကာလပေါ်အဆိုပြိုင်ပွဲဝင်တစ်ဦး၊ မွန်ရိုးရာအလွတ်တန်းယိမ်းအဖွဲ့တစ်ဖွဲ့၊ မွန်ရိုးရာတပင်တိုင်အကပြိုင်ပွဲဝင်တစ်ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲဝင်များအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဂုဏ်ပြုငွေကျပ်ငါးသိန်း၊ ဆန်လေးအိတ်နှင့် ဆီ ၁၀ ပိဿာကို ဂုဏ်ပြုပေးအပ်သည်။

မြို့နယ်(ပြန်/ဆက်)

# ဟံသာဝတီနေပြည်တော်ကျုံးအား ပြည်သူများ အနားယူအပန်းဖြေနိုင်သည့် နေရာဖြစ်ပေါ်လာစေရေး အဆင့်မြှင့်တင်ခြင်းများဆောင်ရွက်



**ပဲခူး စက်တင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ဟံသာဝတီနေပြည်တော်ကျုံးအား ပြည်သူများ အပန်းဖြေစရာနေရာ တစ်ခုနှင့် ဂုဏ်ယူတန်ဖိုးထား မြတ်နိုးမှုဖြစ်ပေါ်စေမည့် နေရာများဖြစ်ပေါ်လာစေရန် ပြန်လည်တူးဖော်၍ အဆင့်မြှင့်တင်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲခူးမြို့သည် ပဲခူးတိုင်းဒေသကြီး၏ မြို့တော်ဖြစ်ပြီး ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည့် ဆင်ဖြူများရှင်နှင့် ဘုရင့်နောင် မင်းတရားကြီး ထီးနန်းစိုက်စိုးစံခဲ့ရာ အောက်မြန်မာပြည်တွင် ဘုန်းလက်ရုံးနှင့် ပြည့်စုံသည့် ဧကရာဇ်မင်းတစ်ပါး နန်းစိုက်ခဲ့သည့်ဒေသတစ်ခုလည်း ဖြစ်ခဲ့ကြောင်း သိရသည်။

ဘုရင့်နောင် မင်းတရားကြီးသည် ကမ္ဘောဇသာဒီ ရွှေနန်းတော်ကြီး၊ အုတ်မြို့ရိုးနှင့် ကျုံးတို့ ပါဝင်သည့် ဟံသာဝတီ နေပြည်တော်ကြီးကို ခရစ်နှစ် ၁၅၅၃ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ခရစ်နှစ် ၁၅၆၆ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း နန်းတော်များ တည်ထားရာတွင် ပါဝင်ရမည့် အင်္ဂါရပ်များ အနက်တစ်ခုအပါအဝင် ဖြစ်သည့် ရေကျုံး၊ ညွန်ကျုံး၊ အခြောက်ကျုံးဟူ၍ ထည့်သွင်းတည်ဆောက်လေ့ရှိရာ ဟံသာဝတီနေပြည်တော်၏ ကျုံးသည် ရေကျုံးဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းမြို့တော်ဖြစ်သည့် ပဲခူးမြို့ကို တိုင်းအဆင့်မီ မြို့တော်ကြီးဖြစ်စေရန် ဒေသတွင်း ခရီးသွားလာမှုကို အထောက်အကူဖြစ်စေရန်နှင့် မြို့နယ်နေပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် အနားယူ အပန်းဖြေနိုင်သည့် နေရာများ ဖြစ်ပေါ်လာရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ ကျုံးနံဘေးများတွင်လည်း ပြည်သူများ အနားယူအပန်းဖြေနိုင်စေရန် စီမံဆောင်ရွက်ပေးထားခြင်း၊ အလှခတ်ပုံများနှင့် အမှတ်တရဓာတ်ပုံရိုက်ယူနိုင်ရန်လည်း ဖန်တီးပြုလုပ်ပေးထားရာ ဒေသတွင်းနှင့် အနီး ပတ်ဝန်းကျင်ဒေသများမှ လာရောက် အပန်းဖြေကြသူများ အမြဲမပြတ် ရှိနေကြောင်းလည်း သိရသည်။

**မောင်ယဉ်ဦး**

# မိတ္ထီလာမြို့နယ်မှ ကျေးလက်ရေသန့်စင်စက်နှင့် ရေသန့်စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းပြီးစီး

**မိတ္ထီလာ စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ဆပ်ပြာကျင်းကျေးရွာအုပ်စု သဖန်းပင်ရိုးကျေးရွာ၌ ဒေသခံပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသည့် ရေသန့်စင်စက်နှင့် ရေသန့်စင်စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



သဖန်းပင်ရိုးကျေးရွာ၌ အလျား ပေ ၂၀ ၊ အနံ ၁၅ ပေ ရှိ Steel Structure ရေသန့်စင်စက်ရုံနှင့် 1000 LPH ရေသန့်စင်စက် တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(မူလ) ရန်ပုံငွေကျပ် ၂၈ ဒသမ ၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်ပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူ၍ ဇွန် ၂၁ ရက်က ဆောင်ရွက်ခဲ့ကာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးမျိုးလတ်ထံမှ သိရသည်။

အဆိုပါ ရေသန့်စင်စက်နှင့် ရေသန့်စင်စက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများ ပြီးစီးပြီဖြစ်၍ သဖန်းပင်ရိုးကျေးရွာရှိ ဒေသခံပြည်သူများမှာ သောက်သုံးရေလုံလောက်စွာ ရရှိသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်**
**(မိတ္ထီလာ)**



# ကြို့ပင်ကောက်မြို့နယ် ကွင်းချောင်းကျေးရွာ၌ မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**ကြို့ပင်ကောက် စက်တင်ဘာ ၄**

ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကွင်းချောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်းတည်ဆောက်ပြီးစီးနေမှု အခြေအနေများကို ဦးစီးအရာရှိနှင့် ဝန်ထမ်းများက စက်တင်ဘာ ၄ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလွင်နှင့်ဝန်ထမ်းများက ကွင်းချောင်းကျေးရွာ၌ ကျေးရွာ ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၇၁၅၀ တည်ဆောက်ပြီးစီးမှု အခြေအနေများကို စစ်ဆေးပြီး ကျေးရွာမီးလင်းရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် လမ်းညွှန်မှာကြားသည်။

ဓာတ်အားလိုင်းတည်ဆောက်သည့်လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရန်ပုံငွေကျပ် ၁၀ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၂၃ သန်းကျော်အသုံးပြုပြီး ဇွန်လဆန်းက ကျေးရွာပြည်သူလူထုကိုယ်တိုင် ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၃ ရက်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီး၍ ကျေးရွာရှိအိမ်ခြေ ၂၈၀ ၌ လျှပ်စစ်မီးစတင်အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။ **ကိုညို(ကျေးလက်)**



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုစုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို တံတားဦးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်ဝင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ထွန်းထွန်းနိုင်တို့ ဦးဆောင်၍ မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာ ၄ ရက်က ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)


## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–က နှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကန်မြဲကျေးရွာနေ ကျော်ဇင်သန့်သည် ၎င်းအသုံးပြုသည့် “Kyaw Zin Thant” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## တရားမဝင် ကျွန်းသစ်၊ စားသောက်ကုန်၊ လူသုံးကုန်၊ ဆေးဘက်ဆိုင်ရာပစ္စည်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၄**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော Leica Paraplast Plus ဘူး ၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့၌ Yamaha အမျိုးအစားလိုင်စင်မဲ့ မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

ထို့အတူ စက်တင်ဘာ ၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော အိမ်သုံး လျှပ်စစ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၅၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။





ထို့အပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လားရှိုးမြို့ရှောင်လမ်းမကြီး မယ်ဟန်စစ်ဆေးရေးဂိတ်၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော Dali Beer များနှင့် Loutus Flower ဆပ်ပြာမှုန့်ထုပ်များ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၁၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော NISSAN အမျိုးအစား ၁၂ ဘီး မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၁၁၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

၎င်းအပြင် စက်တင်ဘာ ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ အဖွဲ့စုံဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID) တွင် ဖော်ပြထားသည်နှင့် ကိုက်ညီမှုမရှိသော လုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၆၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

အလားတူပင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ခပေါင်းကြိုးဝိုင်းအတွင်း ကျွန်းသစ် ၃ ဒသမ ၇၅၉၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၃၇၇၆) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။ **(ဓါတ်ပုံ)**

ဆက်လက်၍ စက်တင်ဘာ ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းအဝင်နေရာအနီး၌ တရားမဝင် တားမြစ်ကန့်သတ်ကုန်ပစ္စည်းများ တင်ဆောင်သော SUZUKI SWIFT အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၃၅၈၇၇၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မြဝတီမြို့၌မီးလောင်မှုဖြစ် နေအိမ်တစ်လုံး ပျက်စီးဆုံးရှုံး

**နေပြည်တော် စက်တင်ဘာ ၄**

ကရင်ပြည်နယ် မြဝတီမြို့၌ စက်တင်ဘာ ၃ ရက်က မီးလောင်မှုကြောင့် နေအိမ်တစ်လုံး ပျက်စီးဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၃ ရက် ည ၇ နာရီခွဲခန့်တွင် မြဝတီမြို့ (၄) ရပ်ကွက် တောရကျောင်းလမ်းရှိ ဒေါ်မာလာ (၄၃ နှစ်) ပိုင်ဆိုင်သော ကုန်စုံဆိုင်၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ်သုံးစီးဖြင့် သွားရောက် မီးငြှိမ်းသတ်ခဲ့ရာ ၄၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် နေအိမ်တစ်လုံး ပျက်စီးဆုံးရှုံးခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

## ဘားအံမြို့နယ် ကော့ဝါးစူးရွာ၌ နေအိမ်မီးလောင်ရာ အမျိုးသမီးတစ်ဦးသေဆုံး

**ဘားအံ စက်တင်ဘာ ၄**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့ဝါးစူးကျေးရွာနေ ဒေါ်သီးသီး (၆၈ နှစ်) ၏ သွပ်မိုးနေအိမ်တစ်လုံး စက်တင်ဘာ ၃ ရက်ည ၁၀ နာရီကျော်ခန့်တွင် မီးလောင်မှု ဖြစ်ပွားသည်။

**မီးလောင်မှုဖြစ်ပွား**

မီးလောင်မှုဖြစ်စဉ်မှာ စိတ်ရောဂါဝေဒနာရှင် ဒေါ်သီးသီးသည် သမီးဖြစ်သူ ဒေါ်ကြည်ကြည်နှင့်အတူ အိပ်စက်နေစဉ် ဒေါ်သီးသီးက ဖယောင်းတိုင် မီးတိုင် ၂၀ ခန့်ကို မိမိအိပ်ခန်းအတွင်း မီးထွန်းထားရှိရာ အိပ်ရာခင်းမှတစ်ဆင့် မီးကူးစက်လောင်ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် ၎င်း၏ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးပြီး မီးလောင်မှုကြောင့် အိမ်ရှင်ဒေါ်သီးသီးမှာ မီးလောင်ခံရ၍ သေဆုံးခဲ့ကြောင်းနှင့် မီးလောင်မှုဖြစ်ပွားသည့်နေရာသို့ ဘားအံမြို့နယ် အိန္ဒူနယ်မြေ မီးသတ်စခန်းမှလက်ထောက် မီးသတ်ဦးစီးမှူး ဦးဆောင်၍ မီးငြှိမ်းသတ်ယာဉ်တစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင်များဖြင့် မီးငြှိမ်းသတ်ခဲ့ရာ ည ၁၀ နာရီ ၅၅ မိနစ်ခန့်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း ဖြစ်စဉ်နှင့်ပတ်သက်၍ ထုံးအိုင်နယ်မြေ ရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ရောက်ရှိမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်တွဲပျော် ဂီတပွဲတော် Season-2" တေးသီချင်း သီဆိုမှုပြိုင်ပွဲနှင့်ဖျော်ဖြေပွဲကို ပြည်သူများ လွတ်လပ်ရေး၏ အနှစ်သာရကို တန်ဖိုးထားလေးစားစိတ်၊ မိမိတို့၏ အချုပ်အခြာအာဏာကို ကိုယ်တိုင်ထိန်းသိမ်းရမည်ဆိုသော ထက်သန်သည့်စိတ်တို့ ဖြစ်ပေါ်လာစေရန်၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန်၊ ပြည်သူများ၏ စိတ်အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက (၂-၉-၂၀၂၂)ရက်နေ့မှ (၃၀-၁၂-၂၀၂၂) ရက်နေ့အထိ အပတ်စဉ်သောကြာနေ့ညတိုင်း တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသမှုကို စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါ ပထမအဆင့် အုပ်စု(က)၏ ပွဲစဉ်(၂)တွင် သီဆိုယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်များ ရွေးချယ်ထားသည့် အောက်ပါတေးသီချင်း(၉)ပုဒ်ကို အခမဲ့ အသုံးပြုသွားမည်ဖြစ်ပါ ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

| စဉ် | သီချင်းအမည် | တိုင်း/ပြည်နယ် | ပွဲစဉ် |
|---|---|---|---|
| ၁ | ချစ်သူအတွက်ဆို စွန့်ဝံ့တယ် | ကယားပြည်နယ် | (၉-၉-၂၀၂၂)ရက်နေ့ အုပ်စု(က) ပွဲစဉ်(၂) စိတ်ကြိုက်တေးသီချင်းများ ယှဉ်ပြိုင်မှုအစီအစဉ် |
| ၂ | ပေဖူးလွှာ | ရောဝတီတိုင်း | |
| ၃ | ကိုယ်ရေးရာဇဝင် | မကွေးတိုင်း | |
| ၄ | သီးသန့်ဖြစ်တည်မှု | နေပြည်တော် | |
| ၅ | အချစ်ဘယ်ကစ | ကရင်ပြည်နယ် | |
| ၆ | ချစ်မယ်ဆို ပန်းပန်ပါ | ပဲခူးတိုင်း | |
| ၇ | လွမ်းသက်သေတည် ရောဝတီ | စစ်ကိုင်းတိုင်း | |
| ၈ | ဆုတောင်းပါလေ အိမ်သူဆွေ | မန္တလေးတိုင်း | |
| ၉ | မိုးယံလွင့်ပျံ လက်ခုပ်သံ | တနင်္သာရီတိုင်း | |

## တံတားဦးမြို့နယ် ဆင်ကျုံးခံတပ်အနီး ရောဝတီမြစ်အတွင်း ငါးမျိုးများ စိုက်ထည့်

**မန္တလေး စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ မြစ်သားမြို့နယ် ကူမဲငါးလုပ်ငန်းစခန်းမှ တံတားဦးမြို့နယ် ဆင်ကျုံးခံတပ်အနီး ရောဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲကို စက်တင်ဘာ ၃ ရက်က အဆိုပါနေရာ၌ ကျင်းပသည်။

ငါးမျိုးစိုက်ထဲပွဲတွင် တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမျိုးသန်းထိုက်နှင့် တာဝန်ရှိသူများက ကူမဲငါးစခန်းမှ ထုတ်လုပ်သော ၂ လက်မအရွယ် ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၂၀၀၀၀၀ နှင့် ငါးခုံးမကြီး သားပေါက်ကောင်ရေ ၁၀၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၃၀၀၀၀၀ ကို ငါးမျိုးစိုက်ထည့်သည်။

**သတင်းစဉ်**



## သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းသို့ အလှူငွေပေးအပ်

**ရန်ကုန် စက်တင်ဘာ ၄**

သတင်းနှင့် စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်းကြီး၏ ပဉ္စမအကြိမ်မြောက် သက်ကြီးဆရာသမားများနှင့် အသက် ၈၀ နှစ်အထက် အသင်းသားဝန်ထမ်းဟောင်းကြီးများ ကန်တော့ပွဲကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ပြုလုပ်မည်ဖြစ်ရာ ဦးစန်ငြိမ်း (ဒု-ဥက္ကဋ္ဌ) က (ငွေတစ်သိန်း)၊ ဦးဇော်ဝင်း (အတွင်းရေးမှူး) က (ငွေတစ်သိန်း)၊ ဦးစိုးမင်း (အဖွဲ့ဝင်) က (ကျပ်ရှစ်သောင်း)၊ ဦးအေးသန်း (တွဲဖက် အတွင်းရေးမှူး) နှင့် ဒေါ်မြင့်မြင့်အုန်း၊ ဒေါ်သန်းသန်းနုနှင့် ဒေါ်တင်တင်ဝင်းတို့က ကျပ်ငါးသောင်းစီ စုစုပေါင်းအလှူငွေကျပ် လေးသိန်းရှစ်သောင်းကို ယနေ့နံနက်ပိုင်းက အသင်းရုံးခန်း၌ ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေ (မြင့်ဆွေမြင့်) နှင့် ဘဏ္ဍာရေးမှူး ဦးထွန်းလင်းအောင်တို့က လက်ခံရယူသည်။

အသင်းကြီးအနေဖြင့် အသင်းသားများ နာရေးဖြစ်ပေါ်လာပါက နာရေးထောက်ပံ့ငွေကျပ်တစ်သိန်းနှင့် နာမကျန်းဖြစ်ပါက ငွေကျပ်ငါးသောင်းတိတိကို ထောက်ပံ့ပေးလျက်ရှိရာ အသင်းသားများအနေဖြင့် နှစ်စဉ်ကြေးများ ပုံမှန်ပေးသွင်းကြရန်နှင့် လစဉ်ပင်စင်ထုတ်ရက်များဖြစ်သော ၂၇၊ ၂၈ ရက်များတွင် အသင်းရုံးခန်းဖွင့်လှစ်ထားရှိကာ အမှုဆောင်နှစ်ဦးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသင်းအတွက် အလှူငွေများလှူဒါန်းလိုပါက ဦးဇော်ဝင်း (အတွင်းရေးမှူး) ဖုန်း(၀၉-၄၂၀၁၀၁၃၈၉) နှင့် ဦးအေးသန်း(တွဲဖက်အတွင်းရေးမှူး) ဖုန်း(၀၉-၄၄၀၃၇၇၆၃၆၊ ၀၉-၆၇၉၇၈၄၈၂၅) တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**အေးသန်း(စိန်တုံးကြီး)**

## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်း

**မန္တလေး စက်တင်ဘာ ၄**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းတွင် နေ့ဆွမ်းဆက်ကပ်ခြင်းနှင့် ရာသက်ပန် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းခြင်းကို စက်တင်ဘာ ၂ ရက်က သင်တန်းကျောင်း အောင်မင်္ဂလာ ဆွမ်းစားဆောင်၌ ပြုလုပ်သည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊ B.A အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ) ထံမှ အလှူရှင် အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးမှူး၊ ဥပတ္ထမ္ဘကအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆွေ + ဒေါ်ခင်အုန်းမြ မိသားစုတို့က ရေစက်ချ အနုမောဒနာတရား နာယူကြည်ညိုကြပြီးနောက် ကျောင်းအုပ်ဆရာတော်ကြီး အမှူးပြုသော သင်တန်းကထိက၊ နည်းပြဆရာတော်များ၊ သင်တန်းသံဃာတော်များ၊ စုစုပေါင်း သံဃာအပါး ၅၀ ကျော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အလှူရှင် ဦးမောင်မောင် + ဒေါ်ရွှေလှိုင် (သား) ကိုမျိုးလှိုင်ဦး+မစန္ဒာထွေး (ရတနာမောင်ရွှေဆိုင်) မိသားတစ်စုတို့က ရာသက်ပန် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းငွေ ငွေကျပ် ငါးသိန်းလှူဒါန်းရာ ဥပတ္ထမ္ဘကအဖွဲ့က လက်ခံရယူ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။ **မောင်မောင် (MU)**



## ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အနေ့ယာဉ်များကို ရောင်ပြန်စတေကာများ တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်

**အင်္ဂပူ စက်တင်ဘာ ၄**

ရောဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အများပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး၊ အနေ့ယာဉ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေးတို့အတွက် အသိပညာပေးခြင်းနှင့် အနေ့ယာဉ်များတွင် ရောင်ပြန်စတေကာကပ်ပေးခြင်းလုပ်ငန်းကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးလင်း ကြီးကြပ်မှုဖြင့် ဒုဦးစီးမှူး (အခွန်) ဦးသက်မောင်ဝင်း ဦးဆောင်သောဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး အင်္ဂပူမြို့နယ်အတွင်းရှိ အနေ့ယာဉ် ၂၈၄ စီးကိုရောင်ပြန်စတေကာများ တပ်ဆင်ပေးသည်။

**မန်းကျော်(ပြန်/ဆက်)**

## ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု

**ပြင်ဦးလွင် စက်တင်ဘာ ၄**

အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်မည့် (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်ရဲအရာရှိ လေ့ကျင့်ရေးကျောင်းမှ အရာရှိ၊ အခြားအဆင့်တပ်ဖွဲ့ဝင်အင်အား ၁၂၀ ဖြင့် စက်တင်ဘာ ၄ ရက်က ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ ကျောင်းကျန်းမာရေးနှင့် ကျောင်း၏ ဥပဓိရုပ် ကောင်းမွန်ရေးတို့အတွက် စုပေါင်း လုပ်အားပေးဆောင်ရွက်သည်။



အဆိုပါလုပ်အားပေးပွဲသို့ ရဲအရာရှိလေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီးနှင့် အခြေခံပညာအထက်တန်းကျောင်း (ဇီးပင်ကြီး) မှ ကျောင်းအုပ်ဆရာမကြီးတို့က လိုက်လံကြည့်ရှုအားပေးကြောင်း သိရသည်။

**သတင်းစဉ်**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် လမုတန်းရပ်ကွက် စက်ဝန်းပြင်လမ်းရှိ လမုတန်းဘုန်းတော်ကြီးကျောင်း၌ (၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဗိုလ်တထောင်ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး လှဘုန်းကျော် ဦးဆောင်၍ ဗိုလ်တထောင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးသံချောင်းနှင့် ဒေါပုံမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်နှင့် သာကေတမြို့နယ်တို့မှ ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ဆင်းတုတော်များ ရေသပ္ပာယ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်စဉ်။

**ရဲပြန်ကြား**



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၆၉ ဆူ | ၃၅၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၈ တိုင် | ၁၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၅၀ တိုင် | ၃၀ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၈ ခု | ၅၄၄ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၄၅ ကျင်း | ၂၀၇၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၀ ကျင်း | ၁၉၇. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၇ ကျင်း | ၅၈၉၃. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၅ ကျင်း | ၁၆၁၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**ကျွန်တော်တို့နိုင်ငံမှာ ပြည်သူလူထုရဲ့ ဆန္ဒဖြစ်တဲ့ " စစ်မှန်၍ စည်းကမ်း ပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်" ကို ခိုင်မာအောင် ဆက်လက် တည်ဆောက်သွားရမှာ ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ပါတီစုံဒီမိုကရေစီ စနစ်နဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို ခိုင်ခိုင်မာမာအာမခံပြီး ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူ များဖြစ်တဲ့ ပုဒ်မ ၆၊ ၇၊ ၈ မှာပါဝင်တဲ့ ဒို့တာဝန်အရေး ၃ ပါး၊ ပါတီစုံ ဒီမိုကရေစီစနစ်၊ ပြည်ထောင်စုစနစ်တို့ကို ကာကွယ်စောင့်ရှောက်ဖို့ ပုဒ်မ ၂၀ (စ) အရ တပ်မတော်မှာ အဓိကတာဝန်ရှိပါတယ်။ တပ်မတော် အနေနဲ့ နိုင်ငံတော်နဲ့တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် ကာကွယ် စောင့်ရှောက်သူ (Guardian) အဖြစ် ဒီတာဝန်တွေကို ထမ်းဆောင် သွားမှာဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီအစည်းအဝေး(၂/၂၀၂၂)တွင် ပြောကြားချက်များမှ ကောက်နုတ်ချက်)

၃၁-၇-၂၀၂၂


ယနေ့ သတင်းအညွှန်း

**စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်း ဈေးနှုန်း တစ်ပိဿာ ကျပ် ၅၂၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**
ပြည်တွင်းသတင်း စာ - ၃

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ နိုင်ငံတကာသတင်းမီဒီယာကောင်စီများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများ ရှင်းလင်း**
ပြည်တွင်းသတင်း စာ - ၁၁

**ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ**
ကျောင်းသင်ခန်းစာ စာ - ၁၂

**ရာသီအစရှုံးပွဲမရှိသေးသည့် အာဆင်နယ်ကို မန်ယူတို့ ဂိုးပြတ်အနိုင်ယူ**
အားကစားသတင်း စာ - ၁၈

**သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာပါမည်**
ဆောင်းပါး စာ - ၂၀


## မြောင်းမြမြို့၌ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ် မသုံးစွဲရနေ့အဖြစ်သတ်မှတ်




မြောင်းမြ စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ် မသုံးစွဲရနေ့အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဈေးဆိုင်များ၊ ဈေးများတွင်ဈေးရောင်း၊ဈေးဝယ်ပြည်သူများကို ပလတ်စတစ် မသုံးစွဲရေး အသိပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။(ယာပုံ)

အဆိုပါ ပလတ်စတစ်အိတ် မသုံးစွဲရေးအတွက် အသိပညာပေးခြင်းများ ဆောင်ရွက်ရာတွင် ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့

*စာမျက်နှာ ၂ ကော်လံ ၃* ❑

## MNL ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များ ပြန်လည်စတင်



ရှမ်းယူနိုက်တက်နှင့် မြဝတီအသင်း ယှဉ်ပြိုင်စဉ်။

ရန်ကုန် စက်တင်ဘာ ၄

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ် (၁၀) ပထမနှင့် ဒုတိယနေ့ကို စက်တင်ဘာ ၃၊ ၄ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း နိုင်ပွဲ ရရှိခဲ့သည်။

စက်တင်ဘာ ၃ ရက်က ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက မြဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် အမှားအယွင်းမရှိသေးဘဲ ဒုတိယအကျော့အဖွင့်ပွဲတွင်လည်း နိုင်ပွဲရယူကာ ဇယားထိပ်ဆုံးတွင် အမှတ်ဖြတ် ဦးဆောင်လျက်ရှိသည်။ မြဝတီအသင်း ရှန်းကန်မှုကြောင့် ရှမ်းယူနိုက်တက်အသင်း ခက်ခက်ခဲခဲ ကစားခဲ့ရသော်လည်း နောက်ကျဂိုးဖြင့်

*စာမျက်နှာ ၁၈ ကော်လံ ၅* ❍